# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၉၉)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ ၂၉-၉-၂၀၂၄၊ တနင်္ဂနွေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမျိုးသန့်၊ ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ❖



**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေါင်းလောင်း မြစ်ကူးတံတား (အဝေရာ)တွင် ကြည့်ရှုစစ်ဆေးစဉ်။

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ


**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် (၁) ရက်သာ လိုတော့သည်။**

၂၀၂၄ ခုနှစ် ၊ စက်တင်ဘာ ၂၉ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး နေ့စဉ်

## မိုးရာသီ တစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိ

သစ်ပင်သစ်တောများရှိခြင်းသည် မိမိတို့နေထိုင်သည့် ပတ်ဝန်းကျင်သာယာလှပမှုကို ဖြစ်ပေါ်စေပြီး လူနှင့် သက်ရှိတို့အတွက် ကောင်းကျိုးများကို ရရှိကြောင်း၊ ထို့ကြောင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတွင် မိုးရာသီတစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ပြုလုပ်၍ စိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းဆည်အနီး၌ ကျင်းပသည့် ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား၌ ထည့်သွင်းပြောကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီ တစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် လက်ရှိကာလတွင် ကမ္ဘာတစ်လွှား၌ ရာသီဥတုဖောက်ပြန်မှုများကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း စသည့် သဘာဝဘေးဒဏ်များ မကြာခဏကြုံတွေ့နေကြရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကို ရှောင်လွှဲ၍ ရနိုင်မည်မဟုတ်သော်လည်း ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများကို စနစ်တကျထိန်းသိမ်းခြင်းတို့ဖြင့် ကြိုတင်ကာကွယ်မှုများကို ပြုလုပ်နိုင်ကြောင်း။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများသည် အဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်ပြီး အစားထိုး၍မရနိုင်ကြောင်း၊ ထို့ကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေဝင်၊ရေထွက် ကောင်းမွန်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် ရှေးဟောင်းရေကန်များပြန်လည်တူးဖော်ခြင်း၊ ရေထုတ်စနစ်များဖော်ဆောင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့သဖြင့် ယခုမိုးသည်းထန်စွာရွာသွန်းခဲ့ချိန်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ထိခိုက်ပျက်စီးမှုနည်းပါးခဲ့ခြင်းဖြစ်ပြီး လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို စနစ်တကျဆောင်ရွက်ခြင်း၏ အကျိုးရလဒ်ကို သာဓကအဖြစ် တွေ့မြင်နိုင်ကြောင်း။ မကြာမီက ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းမှုဖြစ်ပေါ်ခဲ့ပြီး ရေစီးဆင်းရာလမ်း ကြောင်းများတစ်လျှောက် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးကြောင့်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးများအနက် အဆိုးဆုံးထိခိုက်ပျက်စီးမှုကြုံတွေ့ခဲ့ရခြင်းပင်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများကို စနစ်တကျထိန်းသိမ်းခြင်းဖြင့် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုကို အထိုက်အလျောက်လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ ရေစီးကြောင်းနှင့်အတူမျောပါလာသည့် သစ်လုံးကြီးများကိုလည်း တားဆီးနိုင်မည်ဖြစ်ကြောင်း။

သစ်တောတစ်ခုကို ဖန်တီးမည်ဆိုပါက အနည်းဆုံး ဆယ်နှစ်နှင့်အထက်ကြာမြင့်မည်ဖြစ်ပြီး မိမိတို့ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့်အကျိုးရလဒ်ကို နောင်အနာဂတ်မျိုးဆက်သစ်များက ခံစားကြရမည်ဖြစ်ကြောင်း၊ နှစ်ရှည်ပင်များသည် ချက်ချင်းအကျိုးမပြုနိုင်သော်လည်း နောင်မျိုးဆက်သစ်များအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားသည်။

မိုးရာသီတစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိရာ သစ်ပင်များစိုက်ပျိုးရာတွင် "တစ်ပင်စိုက်လျှင် တစ်ပင်ရှင်ရမည်" ဆိုသည့်အတိုင်း ရှင်သန်အောင်စိုက်ပျိုးသွားကြရန်နှင့် ရေရှည်ဆက်လက်ကြီးထွားလာစေရေး တာဝန်ရှိသူများက စဉ်ဆက်မပြတ်ဆက်လက်ထိန်းသိမ်းသွားရန်လိုကြောင်း ရေးသားလိုက်ရပေသည်။



## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ မြစ်သားမြို့နယ်ရေဘေးသင့် အိမ်ထောင်စုများအား ငွေနှင့် ပစ္စည်းများ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများက မြစ်သားမြို့နယ် ရေဘေးသင့်အိမ်ထောင်စုများအတွက် အဝတ်အထည်၊ အစားအသောက်၊ ဆေးဝါးနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၁ နာရီက ရန်အေးကျေးရွာ၊ ရတနာအေးကျောင်းတိုက်တွင် ကျင်းပသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ၏ လှူဒါန်းမှုကို စီမံရေးရာဌာန ဌာနမှူး ဦးမောင်မောင်မြင့်၊ ဒုတိယဌာနမှူး ဦးရဲထွန်းလင်း၊ အရာထမ်း၊ အမှုထမ်းများက ကျေးရွာများသို့ သွားရောက်လှူဒါန်းကြသည်။

ရှေးဦးစွာ ဌာနမှူးနှင့် ဝန်ထမ်းများက ရန်အေးကျေးရွာ၊ ရတနာအေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာအား ဖူးမြော်ကြည်ညိုပြီး နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ရန်အေးကျေးရွာနေ ရေဘေးသင့်အိမ်ထောင်စုဝင် (၁၈၃)စုတို့ကို အဝတ်အထည်၊ လူသုံးကုန်၊ အစားအသောက်နှင့် အလှူငွေများကို တာဝန်ရှိသူများက တစ်ဦးချင်းပေးအပ်ကြသည်။

ထို့နောက် လက်ပံကျေးရွာ ရေဘေးသင့်အိမ်ထောင်စုဝင် (၂၅) စုတို့အတွက် ကျေးရွာအထိ လမ်းမပေါက်သည့်အတွက် ကျေးရွာတာဝန်ရှိသူများအား စုပေါင်းပေးအပ်ခြင်းနှင့် မှိုင်းဟင်ကျေးရွာ ရေဘေးသင့်အိမ်ထောင်စု(၁၅၀)စုအတွက် ကျေးရွာတာဝန်ရှိသူများကို အသီးသီးပေးအပ်လှူဒါန်းခဲ့ကြသည်။

(အပေါ်ပုံ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက စုပေါင်းလှူဒါန်းရာတွင် ရန်အေးကျေးရွာအိမ်ထောင်စု (၁၈၃)စုအတွက် ပစ္စည်း(၂၂)မျိုးနှင့် အိမ်ထောင်စုတစ်စုအတွက် အလှူငွေကျပ် တစ်သောင်းနှုန်း၊ လက်ပံကျေးရွာအိမ်ထောင်စု (၂၅)စုအတွက် ပစ္စည်း(၂၂)မျိုးနှင့် အလှူငွေကျပ် တစ်သောင်းနှုန်းနှင့် မှိုင်းဟင်ကျေးရွာအိမ်ထောင်စု (၁၅၀) စုအတွက် ပစ္စည်း(၂၁)မျိုးနှင့် အလှူငွေကျပ် တစ်သောင်းနှုန်းဖြင့် လှူဒါန်းခဲ့ကြရာ ပစ္စည်းစုစုပေါင်း တန်ဖိုးငွေကျပ် ၃၄ သိန်း ၆ သောင်းနှင့် အလှူ ငွေကျပ် ၃၅ သိန်း ၇ သောင်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်–၃)

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း(မြို့နယ်အဆင့်) စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲနှင့် တာဝန်ပေးအပ်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်နှင့် မတ္တရာမြို့နယ်တို့၏ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲနှင့် တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေ



လမ်းနှင့် လမ်း ၂၀ ကြားရှိ အမှတ် (၄)အခြေခံပညာအလယ်တန်းကျောင်း၊ မြတမာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်သန်းခေါင်စာရင်းကော်မတီဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဝင်းမျိုးထွန်းနှင့်အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းထွန်းလင်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးသိန်းလွင်၊ မတ္တရာမြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးအောင်ဝင်းနိုင်နှင့် ကော်မတီဝင်များ၊ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အောင်မြေသာစံခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက အမှာစကားပြောကြားပြီး အောင်မြေသာစံမြို့နယ် စာရင်းစစ်၊ စာရင်းကောက်များအား ခန့်အပ်လွှာပေးအပ်သည်။

(အောက်ဝဲပုံ)

ထို့နောက် ခရိုင်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းအောင်က မတ္တရာမြို့နယ် စာရင်းစစ်၊ စာရင်းကောက်များအား ခန့်အပ်လွှာပေးအပ်သည်။ အဆိုပါသင်တန်းသို့ အောင်မြေသာစံမြို့နယ်မှ စာရင်းစစ်၊ စာရင်းကောက်(၁၈၇)ဦး၊ မတ္တရာမြို့နယ်မှ စာရင်းစစ်၊ စာရင်းကောက် (၂၁)ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်သည်။

မန္တလေး၊ အောင်မြေသာစံမြို့နယ်တွင် အိမ်ထောင်စုကောက်ကွက် (၄၁၄)ကွက်၊ အဖွဲ့အစည်းကောက်ကွက်(၁၇)ကွက်၊ မတ္တရာမြို့ပေါ်တွင် အိမ်ထောင်စုကောက်ကွက် (၅၇)ကွက် ရှိကြောင်း သိရသည်။

(ဝ၉၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေါင်းလောင်း(အဝေရာဆည်)လက်ယာရေပေးမြောင်းမကြီး၌ ရေတိုက်စားခံရမှုကြောင့် မြောင်းတာပေါင်ကျိုးပေါက်ခဲ့သည့်နေရာများအား ပြန်လည်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❖ ရှေ့ဖုံးမှ

**ပေါင်းလောင်း မြစ်ကူးတံတား(အဝေရာ)**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းတည့်ခွင် - ကျည်တောင် - ခေါမ-ညောင်ပင်သာ လမ်းကြောင်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ပျဉ်းမနားမြို့နယ် ပေါင်းလောင်း မြစ်ကူးတံတား (အဝေရာ)သို့ ရောက်ရှိရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဆိုပါ လမ်းပိုင်းတစ်လျှောက်၌ ရေကြီးရေလျှံမှုဖြစ်ပေါ်စဉ် ထိခိုက်ပျက်စီးခဲ့မှုများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုလမ်းပိုင်းသည် ပျဉ်းမနားခရိုင်နှင့် ဇေယျာသီရိခရိုင်အကြား ဆက်သွယ်ထားပြီး လူနေများသည့် ကျေးရွာများရှိသဖြင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများအား ပြုပြင်၍ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်းနှင့် လမ်းပိုင်းနှင့် တံတားအား အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်းမြစ်ကူးတံတား(အဝေရာ)၏ ပျဉ်းမနားဘက်ခြမ်းရှိ တံတားချဉ်းကပ်လမ်း ရေတိုက်စားခဲ့မှုကြောင့် ပျက်စီးမှုအား နှစ်လွှာတစ်ထပ် ယာယီဘေလီတံတားထိုး၍ ပြင်ဆင်ပြီးစီးမှု အခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ပေါင်းလောင်း(အဝေရာဆည်) လက်ယာရေပေးမြောင်းမကြီး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်း(အဝေရာဆည်) လက်ယာရေပေးမြောင်းမကြီး၌ ရေတိုက်စားခံရမှုကြောင့် မြောင်းတာပေါင် ကျိုးပေါက်ခဲ့သည့်နေရာများအား ပြန်လည်ပြင်ဆင်ခြင်း ဆောင်ရွက်နေမှုနှင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခြေခံပညာအထက်တန်းကျောင်း (ကျောက်ချက်)၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန် လိုကြောင်း၊ ရေနုတ်မြောင်းများ ရေဝင်ရေထွက် ကောင်းမွန်စေရေး ပြန်လည်တူးဖော် သွားရန်လိုကြောင်း၊ ရေနုတ်မြောင်းများ ပြန်လည်တူးဖော် ဆောင်ရွက်ရာတွင် တစ်နေရာတည်း ဆောင်ရွက်၍မရဘဲ အဆင့်ဆင့် ရေစီးဆင်းမှု ကောင်းမွန်အောင် နေရာစုံ၌ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေမြောင်း၊ စာမျက်နှာ ၄ သို့ »»»





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခြေခံပညာအထက်တန်းကျောင်းခွဲ(ဆင်သေ)၌ နုန်းများဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၃ မှ

တူးမြောင်းများ၌ ရေဝင်ရေထွက်ကောင်းမွန်စေရန် နှစ်စဉ်စစ်ဆေးမှုများ ပြုလုပ်နေရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

### အခြေခံပညာအထက်တန်းကျောင်းခွဲ(ဆင်သေ)

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့ရပြီး ရေများပြန်လည်ကျဆင်းသွားသည့် အချိန်တွင် နုန်းတင်ကျန်ခဲ့သည့် ဆင်သေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ နုန်းများဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းတာဝန်ခံ ဆရာ ဆရာမများက ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ကျောင်းပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ရေးအတွက် လိုအပ်သည်များကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် နုန်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက် ပေးနေကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ အတွက် ချီးမြှင့်ငွေများကို ပေးအပ်ပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆင်သေကျေးရွာမှ ညောင်ပင်သာကျေးရွာ လမ်းအတိုင်း ရေကြီးရေလျှံမှုကြောင့် ရေဝင်နစ်မြုပ်ခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အပျက်အစီးများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှား ရှင်းလင်းခြင်းတို့ကို အစီအမံဖြင့် ရက်ပိုင်းအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-ညောင်ပင်သာ လမ်းကြောင်းသည် သွားလာမှုများပြားလာပြီဖြစ်သဖြင့် စနစ်တကျ သုတေသနပြုလုပ်ပြီး လမ်းကြောင်းအဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၅ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သိုက်ချောင်းတံတား (ဆင်သေချောင်းကူး) ပြန်လည်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကင်းသာလမ်းခွဲအနီးရှိ ဓာတ်အားလိုင်းတာဝါတိုင်ပြိုလဲပျက်စီးမှုများအား ပြန်လည်ပြုပြင်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နဝင်းချောင်းတံတား(အဆုံ) ရေတိုက်စားမှုကြောင့် တံတားချဉ်းကပ်လမ်း ပြိုကျပျက်စီးခဲ့မှုအား ယာယီဘေလီတံတား တည်ဆောက်ပြုပြင်ပြီးစီးမှုနှင့် တံတားချဉ်းကပ်လမ်း ကမ်းကပ်ခုံအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၄ မှ

### အခြေခံပညာ အထက်တန်းကျောင်း(ကျောက်ချက်)

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ရေဝင်ရောက်မှုများအား ပြန်လည်ရှင်းလင်း ဆောင်ရွက်ထားရှိမှု၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ ပညာရေးဝန်ကြီးဌာနမှ စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များ ထောက်ပံ့ပေးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ် ဆရာမကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

### သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့အား ဆက်သွယ်ထားသော ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)သိုက်ချောင်းဘက်သို့ အသွားတံတား တံတားရေလယ်တိုင်(Pier)များ နိမ့်ကျခြင်းဖြစ်ပေါ်နေမှုကို ပြန်လည်ပြင်ဆင်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပျက်စီးသွားသည့် တံတားများ ပြန်လည်ပြုပြင် တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝဘေးဒဏ် ခံနိုင်ရေးနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ချိန်တွင် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရေးတို့အတွက် စနစ်တကျ ထည့်သွင်းတွက်ချက်၍ ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားပြီး ဆောက်လုပ်ရေး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ချီးမြှင့်ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆုံဇီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ စာပေသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

### ဓာတ်အားလိုင်း တာဝါတိုင်များ ပြုပြင်ဆောင်ရွက်လျက်ရှိမှု

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်-တပ်ကုန်းလမ်းကြောင်းအတိုင်း မော်တော်ယာဉ်များဖြင့် သွားရောက်ခဲ့ပြီး ကင်းသာလမ်းခွဲအနီးရှိ ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်း တာဝါတိုင်အမှတ် ၃၀၁ မှ ၃၀၅ အထိ တာဝါတိုင် ငါးတိုင် ပြိုလဲပျက်စီးခဲ့မှုနှင့် ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော်(၂)ဓာတ်အားလိုင်း တာဝါတိုင်အမှတ် ၁၂ မှ ၁၅ အထိ တာဝါတိုင် လေးတိုင် ပြိုလဲပျက်စီးမှုတို့အား ပြန်လည်ပြုပြင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တာဝါတိုင်များ ဖြုတ်သိမ်းခြင်း၊ ပြန်လည်စိုက်ထူခြင်း လုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုပြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဘေးကင်းစိတ်ချရမှုရှိစေရေးကို ဦးစားပေးဆောင်ရွက်ရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားကာ လုပ်ငန်းဆောင်ရွက်နေသည့် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် အဆုံဇီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ စာပေသင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ထို့နောက် နုန်းများဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များအား ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

### နဝင်းချောင်းတံတား(အဆုံ) ချဉ်းကပ်လမ်းကမ်းကပ်ခုံ ဆောင်ရွက်နေမှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နဝင်းချောင်းတံတား(အဆုံ)နေရာသို့ ရောက်ရှိကြပြီး ရေတိုက်စားမှုကြောင့် တံတားချဉ်းကပ်လမ်း ပြိုကျပျက်စီးခဲ့မှုအား ယာယီဘေလီတံတား တည်ဆောက် ပြုပြင်ပြီးစီးမှုနှင့် တံတားချဉ်းကပ်လမ်း ကမ်းကပ်ခုံအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကင်းသာလမ်းခွဲအနီးရှိ ဓာတ်အားလိုင်းတာဝါတိုင် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်တစ်ဦးက လှူဒါန်းသည့် အလှူငွေကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်တစ်ဦးက လှူဒါန်းသည့် အလှူငွေကို လက်ခံရယူစဉ်။

⁜ စာမျက်နှာ ၂၄ မှ

**သဘာဝဘေးဖြစ်ပေါ်ခဲ့မှု အခြေအနေများနှင့် လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေများပေးအပ်ကြမှုအပေါ် နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအကြိမ်သည် ဒုတိယအကြိမ်လှူဒါန်းမှုဖြစ်ပြီး ပထမအကြိမ်လှူဒါန်းမှု အခမ်းအနားတွင် ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ကြောင်း၊ အခက်အခဲများကြားမှ စိတ်စေတနာ ထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြခြင်း ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် အလှူငွေလက်ခံခြင်းများကို ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပြီး ယနေ့ ဒုတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ငွေကျပ် ၁၀ ဘီလီယံကျော်ကို ပေးအပ် လှူဒါန်းခဲ့ကြကြောင်း၊ အလားတူ မိမိတို့အစီအစဉ်ဖြင့် ရေဘေးသင့်ဒေသများကို သွားရောက် လှူဒါန်းလျက်ရှိသည့် စေတနာရှင် ပြည်သူများသည်လည်း များစွာရှိပြီး မိမိတို့နိုင်ငံသားများအနေဖြင့် လူမှုရေးကိစ္စရပ်များတွင် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုသည့် စိတ်ရင်းစေတနာများ၊ အခြေခံစိတ်ဓာတ်ကောင်းများ ကို ဝမ်းမြောက်ဖွယ်တွေ့ရကြောင်း၊ ကောင်းမွန်ပြီး ဂုဏ်ယူဖွယ်ရာ စိတ်ဓာတ်များပင် ဖြစ်ပြီး နိုင်ငံသားတိုင်းအနေဖြင့် ထိုကဲ့သို့ စိတ်ရင်းစေတနာ၊ စိတ်ဓာတ်ကောင်းတို့ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူဖြစ်စေနိုင်မည် ဖြစ်ကြောင်းဖြင့် ပြောကြားပြီး သဘာဝဘေးဖြစ်ပေါ်ခဲ့မှု အခြေအနေများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည့် အခြေအနေများ၊ မိုခါ မုန်တိုင်းဒဏ်ကြောင့် ရေဝင်၊ ရေဝပ်မှု ဖြစ်ပေါ်ခဲ့မှုများကို သင်ခန်းစာယူ၍ ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခု မိုးသည်းထန်စွာရွာသွန်းချိန်တွင် ထိခိုက်ပျက်စီးမှုအနည်းငယ်သာရှိခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၇ သို့ ⁜




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း စေတနာရှင်၊ အလှူရှင်တစ်ဦးက လှူဒါန်းသည့် အလှူငွေကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် စေတနာရှင်၊ အလှူရှင်တစ်ဦးက လှူဒါန်းသည့် အလှူငွေကို လက်ခံရယူစဉ်။

**❊ ယခုအကြိမ်သည် ဒုတိယအကြိမ် လှူဒါန်းမှုဖြစ်ပြီး ပထမအကြိမ် လှူဒါန်းမှုအခမ်းအနားတွင် ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံကျော်ကို လက်ခံရရှိခဲ့**

**❊ အခက်အခဲများကြားမှ စိတ်စေတနာထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြခြင်းဖြစ်**

**❊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်နိုင်ရေးအတွက် အလှူငွေလက်ခံခြင်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ယနေ့ဒုတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ငွေကျပ် ၁၀ ဘီလီယံကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော စေတနာရှင်၊ အလှူရှင်တစ်ဦးက လှူဒါန်းသည့် အလှူငွေကို လက်ခံရယူစဉ်။

⁜ စာမျက်နှာ ၆ မှ

ဆက်လက်ပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးဒဏ်များကို သင်ခန်းစာယူပြီး နောင်ဖြစ်ပေါ်ချိန်များတွင် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံအတွင်းရှိ မြစ်များ၊ ချောင်းများတစ်လျှောက်၌ ရေလမ်းကြောင်းထိန်းသိမ်းခြင်း လုပ်ငန်းများကို စနစ်တကျဖြင့် နှစ်စဉ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများ၊ ဆေးရုံများအပါအဝင် အများပြည်သူလူထုနှင့် သက်ဆိုင်သည့် အဆောက်အအုံများ၊ မြို့ပြများ အသစ်တည်ဆောက်ရာတွင်လည်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝ ဘေးအန္တရာယ်ကို အဘက်ဘက်မှ ထည့်သွင်းတွက်ချက်စဉ်းစား၍ မြေနေရာရွေးချယ်ဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ခြင်းများကို လုပ်ဆောင်သွားရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စေတနာရှင် အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သဘာဝ ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့မှုများကို အမြန်ဆုံး ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပျက်စီးခဲ့သည့်နေအိမ်များအတွက်လည်း နိုင်ငံတော်အနေဖြင့်တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အချိန်တိုအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ပျက်စီးခဲ့ရသည့် စိုက်ပျိုးမြေများ၌လည်း သင့်လျော်သည့် သီးနှံများကို ပြန်လည်စိုက်ပျိုးနိုင်ရန် လိုကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများအတွက် လိုအပ်သည့် အရင်းအနှီးများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ ဝင်ရောက် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်မည်ဆိုပါက ထိခိုက်ခဲ့ရသည့် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်မည် ဖြစ်သကဲ့သို့ ကုန်ထုတ်လုပ်မှုများ ကိုလည်း ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း အလားတူ ဆောင်ရွက်ပေးနိုင်ရေး စဉ်းစားပေးကြရန် လိုကြောင်း။

အလှူရှင်များ၏ သန့်ရှင်းသော စိတ်ဖြင့် လှူဒါန်းခဲ့သည့် လှူဒါန်းမှုများကို အမှန်တကယ်လိုအပ်နေသူများထံသို့ ရောက်ရှိနိုင်ရေး စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အရောင်အသွေးကင်းရှင်းစွာဖြင့် လှူဒါန်းလာသည့် ပြည်ပမှလှူဒါန်းမှုများကိုလည်း မိမိတို့အနေဖြင့် စနစ်တကျ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စေတနာရှင် အလှူရှင်များအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ နိုင်ငံသူ နိုင်ငံသားများ၏ ပညာရည်မြှင့်တင်မှု လုပ်ငန်းများတွင်လည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ရေဘေးဒဏ် ကျရောက်ခဲ့ရသည့် ကျောင်းများအား အမြန်ဆုံး ပြန်လည် ဖွင့်လှစ်နိုင်ရေးနှင့် ကလေးငယ်များ၏ ပညာရေး နောက်ကျမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ အစိုးရတစ်ခုတည်း ဆောင်ရွက်၍ မရဘဲ မိမိတို့အားလုံး ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်ကြောင်း၊ ယနေ့တွင် လာရောက်လှူဒါန်းကြသည့် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မိမိတို့ တတ်နိုင်သည့် နယ်ပယ်မှ အတူတကွဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတနာရှင်၊ အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် စုစုပေါင်း အလှူငွေကျပ် ၁၀ ဒသမ ၅ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## အိန္ဒိယအစိုးရက ဘာစမာတီမဟုတ်သော ဆန်အား ပြည်ပသို့ တင်ပို့ရောင်းချမှု တားမြစ်ချက်ကို ရုပ်သိမ်းရန်ရှိ

အိန္ဒိယအစိုးရက ဘာစမာတီမဟုတ်သော ဆန်အား ပြည်ပသို့ တင်ပို့ရောင်းချမှုတားမြစ်ချက်ကို ရုပ်သိမ်းရန် စဉ်းစားနေကြောင်း အစားအစာနှင့် ဖြန့်ဖြူးရေးဌာန အတွင်းဝန်ဖြစ်သူက စက်တင်ဘာ ၁၈ ရက်က ပြောကြားခဲ့ခြင်းဖြစ်သည်။

အတွင်းဝန်က ဈေးကွက်အတွင်း ဆန်လိုအပ်ချက်နှင့် သိုလှောင်ထားရှိနိုင်မှုအခြေအနေများ ပေါ်မူတည်၍ သင့်လျော်သည့် အစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အိန္ဒိယအစိုးရသည် ပြည်တွင်း စားသုံးမှုဖူလုံစေရေးအတွက် ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုအား ၂၀၂၃ ဇူလိုင် ၂၀ ရက်မှစတင်၍ တားမြစ်ခဲ့သည့်အပြင် ပေါင်းဆန်အပေါ် ပို့ကုန်အခွန် ၂၀ ရာခိုင်နှုန်းကိုလည်း ရက်အကန့်အသတ်မရှိ တားမြစ်ထားခဲ့သည်။

အစားအစာနှင့် ဖြန့်ဖြူးရေးဌာန အတွင်းဝန်က အစိုးရသိုလှောင်ရုံများတွင် ဆန်အလုံအလောက် သိုလှောင်ထားရှိကြောင်းနှင့် လက်လီဈေးနှုန်းများကိုလည်း ထိန်းချုပ်ထားနိုင်ကြောင်း ပြောကြားထားသည်။ **(အပေါ်ပုံ)**

အိန္ဒိယနိုင်ငံသည် လက်ရှိတွင် ကမ္ဘာ့ဆန်ဈေးကွက်၌ အများဆုံးတင်ပို့ရောင်းချသူဖြစ်ပြီး ၎င်း၏ ဘာစမာတီမဟုတ်သည့် ဆန်ဖြူအမျိုးအစားများအား တင်ပို့မှုကန့်သတ်ခြင်း၊ ဖြေလျှော့ပေးခြင်းများသည် ကမ္ဘာ့ဆန်ဈေးကွက်ကို သက်ရောက်မှုများ ရှိနိုင်သဖြင့် လေ့လာစောင့်ကြည့်သင့်ကြောင်း နယူးဒေလီမြို့ မြန်မာ့စီးပွားရေးသံမှူး၏ သတင်းပေးပို့ချက်အရ သိရသည်။

ယခင်နှစ်က အိန္ဒိယ၏ ဆန်တင်ပို့မှု ကန့်သတ်ချက်ကြောင့် အာဆီယံနိုင်ငံများဖြစ်သည့် ထိုင်း၊ မြန်မာ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်တို့က ပြည်ပသို့ ဆန်တင်ပို့နိုင်မှု မြင့်တက်ခဲ့ရာ ယခုအိန္ဒိယ၏ ပြည်ပသို့ ဆန်တင်ပို့မှု တားမြစ်ချက်ကို ရုပ်သိမ်းလိုက်ပါက ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်တင်ပို့နိုင်ငံများအနေဖြင့် ဈေးကွက်ဝေစု လျှော့ချနိုင်သည့် အခြေအနေရှိကြောင်း ဆန်ပို့ကုန်သမားများက သုံးသပ်ထားကြောင်း သိရသည်။

**ရွှေမန်း**

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ကြက်ဥ၊ဘဲဥ၊ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁ လမ်းနှင့်၇၂လမ်းကြားတွင် စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူးဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်–၆)**

### အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်–၆)အနိုင်၊ အရှုံး NGB

| | | |
|---|---|---|
| အူဒီးနီးစ် | ၂ - ၃ | အင်တာမီလန် |
| ဂျီနိုအာ | ၀ - ၃ | ဂျူဗင်တပ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်–၅)အနိုင်၊ အရှုံး NGB

| | | |
|---|---|---|
| လိုက်ပဇစ် | ၄ - ၀ | အော့စ်ဘတ် |
| ဖရိုင်းဘတ် | ၀ - ၃ | စိန့်ပေါ်လီ |
| ဖုံဘတ် | ၂ - ၂ | စတုဂတ် |
| မိန့်ဇ် | ၀ - ၂ | ဟိုင်ဒင်ဟိမ်း |
| ဂလာဘတ် | ၁ - ၀ | ယူနီယံဘာလင် |

## ဒေါ်နယ်လ်ထရမ့်၏ သမ္မတရွေးကောက်ပွဲ မဲဆွယ်မှုကို အီရန်အစိုးရတပ်ဖွဲ့ဝင် သုံးဦး ဟက်ခဲ့သည်ဟု စွဲဆို

**ဝါရှင်တန် စက်တင်ဘာ ၂၈**

ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်၏ ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုကို အီရန်အစိုးရတပ်ဖွဲ့ဝင် သုံးဦး ဟက်ခဲ့သည်ဟု အမေရိကန်အစိုးရ တရားရေးဌာနမှ ရှေ့နေများက စက်တင်ဘာ ၂၇ ရက်တွင် အတည်ပြုပြောဆိုလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



ထိုတပ်ဖွဲ့ဝင် သုံးဦးသည် မာဆွတ်ဂျာလီလီ၊ ဆေယက်အလီအာဂါမီရီနှင့် ယာဆာဘာလာဂီတို့ဖြစ်ကြောင်း အဆိုပါရှေ့နေများက အတည်ပြုသည်။

ဒေါ်နယ်လ်ထရမ့်၏ မဲဆွယ်စည်းရုံးမှုဆိုင်ရာ ကွန်ပျူတာကွန်ရက်ထဲသို့ ယင်းအီရန်တပ်ဖွဲ့ဝင် သုံးဦးက ဟက်ကာများအဖြစ် ချင်းနင်းဝင်ရောက်ကာ အချက်အလက်များ ခိုးယူခဲ့သည်ဟု တရားရေးဌာနက စွပ်စွဲသည်။

အက်ဖ်ဘီအိုင်နှင့် အခြားအမေရိကန်ထောက်လှမ်းရေးအဖွဲ့အစည်းများက ရွေးကောက်ပွဲနှင့်သက်ဆိုင်သော ကွန်ရက်များအတွင်း ဝင်ရောက်ထောက်လှမ်းကြည့်ရာမှ အဆိုပါအီရန်တပ်ဖွဲ့ဝင် သုံးဦး၏ လုပ်ရပ်များကို ဖော်ထုတ်တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

၄င်းတို့သည် ကွန်ရက်လုံခြုံရေးဆိုင်ရာ ပြစ်မှု ၁၈ မှုအထိ ကျူးလွန်ခဲ့သည်ဟု အမေရိကန် တရားရေးဌာနက စွပ်စွဲခဲ့ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အီကွေဒေါနိုင်ငံ ကွီတိုမြို့တော်မှ မြို့နေလူထု တောက်လောင်နေသော တောမီးများအလယ်၌ ပိတ်မိနေ



**ကွီတို စက်တင်ဘာ ၂၈**

အီကွေဒေါနိုင်ငံ ကွီတိုမြို့တော်မှ မြို့နေလူထုသည် တောက်လောင်နေသော တောမီးများအလယ်၌ ပိတ်မိနေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

စက်တင်ဘာ ၂၀ ရက်နောက်ပိုင်းတွင် ထိန်းချုပ်ရန်ပိုမိုခက်ခဲလာခဲ့သော တောမီးများသည် ကွီတိုမြို့တော်အနီးသို့ တဖြည်းဖြည်း ချဉ်းကပ်ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း မြို့ခံတစ်ဦးဖြစ်သူ မာဂါရီတာက ထုတ်ဖော်ပြောကြားသည်။

တောမီးများသည် မြို့အတွင်းအထိ ဝင်ရောက်လာရန် ဖြစ်နိုင်ခြေနည်းသော်လည်း ကွီတိုတစ်မြို့လုံး မီးခိုးများဖုံးလွှမ်းကာ လေထုညစ်ညမ်းနေသဖြင့် အရေးပေါ်အခြေအနေ သတ်မှတ်ကြေညာကာ မြို့နေလူထု အိမ်ပြင်မထွက်ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားသည်။

အီကွေဒေါသမ္မတ ရှေ့အပတ်ထဲ၌ ကုလသမဂ္ဂသို့သွားရောက်ကာ အထွေထွေညီလာခံ တက်ရောက်မည့်အစီအစဉ်ကို အဆိုပါတောမီးများကြောင့် ဖျက်သိမ်းလိုက်ရသည်။

ကွီတိုမြို့တော်ပတ်လည်တွင် တောက်လောင်နေသော တောမီးများကို မသမာသူက ရှို့ခဲ့ခြင်းဖြစ်နိုင်သည်ဟု ရဲတပ်ဖွဲ့က သံသယဖြစ်ကာ စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

Mon

0-0-0-0-0

## အီးယူက လျှပ်စစ်ကားများအပေါ် အခွန်မတိုးမြှင့်မီ ဥရောပနှင့်တရုတ် ဈေးနှုန်း ညှိနှိုင်းဆွေးနွေးဖွယ်ရှိ



**ဘရပ်ဆဲလ် စက်တင်ဘာ ၂၈**

တရုတ်နိုင်ငံလုပ် လျှပ်စစ်ကားများအပေါ် ဥရောပသမဂ္ဂက အခွန်အတုပ် တိုးမြှင့်ကောက်ခံရန် ဆုံးဖြတ်ချက်ချမှတ်ထားပြီး ဖြစ်သည်။

လာမည့် အောက်တိုဘာလတွင် စတင်အကျိုးသက်ရောက်မည့် အခွန်အတုပ်တိုးမြှင့်မှုဆိုင်ရာ ဆုံးဖြတ်ချက်သည် တရုတ်နိုင်ငံမှ လျှပ်စစ်ကားထုပ်လုပ်သော ကုမ္ပဏီများအတွက် အကျိုးထိခိုက်နစ်နာစေနိုင်သည်ဟု တရုတ်အာဏာပိုင်များက ထောက်ပြခဲ့သည်။

ဈေးကွက်ပြိုင်ဆိုင်မှုသဘောတရားအရ တရုတ်နိုင်ငံက လျှပ်စစ်ကားအမြောက်အမြားထုတ်လုပ်ကာ ဥရောပဈေးကွက်သို့ အစင်းရေများစွာ တင်ပို့နေခြင်းသည် တရားမျှတမှုမရှိကြောင်း အီးယူဘက်ကလည်း တုံ့ပြန်ချေပခဲ့သည်။

တစ်ဖက်နှင့်တစ်ဖက် ထိုသို့သဘောထားတင်းမာနေခြင်းကို ဖြေလျှော့ရန် အောက်တိုဘာလမတိုင်မီ နှစ်ဖက်ကုန်သွယ်ရေးကိုယ်စားလှယ်များ ညှိနှိုင်းသွားမှသာ ရလဒ်ကောင်းပေါ်ထွက်လာမည် ဖြစ်သည်။

နှစ်ဖက်ညှိနှိုင်းရာတွင် တရုတ်လျှပ်စစ်ကားများ၏ အနိမ့်ဆုံးဈေးနှုန်းကို သတ်မှတ်အတည်ပြုရမည်ဖြစ်ကြောင်း သိရသည်။ Mon



## အမေရိကန်အရှေ့တောင်ပိုင်းသို့ မုန်တိုင်းဝင်ရောက်၊ လေပြင်းများနှင့် ရေကြီးမှုတို့ကြောင့် လူ ၄၃ ဦး သေဆုံး

**ဝါရှင်တန် စက်တင်ဘာ ၂၈**


အမေရိကန်ပြည်ထောင်စု အရှေ့တောင်ပိုင်းသို့ အင်အားပြင်း ဟယ်လင်းဟာရီကိန်းမုန်တိုင်း စက်တင်ဘာ ၂၇ ရက်က ဝင်ရောက်တိုက်ခတ်ရာ လေပြင်းများနှင့်ရေကြီးမှုတို့ကြောင့် လူ ၄၃ ဦးထက်မနည်း သေဆုံးကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယခုနှစ်အတွင်း ဖလော်ရီဒါပြည်နယ်ဘက်သို့ ဝင်ရောက်လာသော မုန်တိုင်းများအနက် အပြင်းထန်ဆုံးဖြစ်ကြောင်း အမေရိကန် မုန်တိုင်းပညာရှင်များက သုံးသပ်သည်။

ထိုမုန်တိုင်းဖြတ်သန်းသွားသော လမ်းတစ်လျှောက်တွင် မိုးသည် မိုးရေချိန် ၂၀ လက်မအထိ ရွာသွန်းနိုင်သဖြင့် ရုတ်တရက်ရေကြီးမှုနှင့်ပတ်သက်၍ သတိပြုကြရန် သက်ဆိုင်ရာက ကြိုတင်ကြေညာချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

Mon

## တရုတ်အစိုးရ၏လက်ဆောင် ပန်ဒါဝက်ဝံနှစ်ကောင် ဟောင်ကောင်ကျွန်း တိရစ္ဆာန်ရုံသို့ ရောက်ရှိနေ



**ပေကျင်း စက်တင်ဘာ ၂၈**

(၇၅) နှစ်မြောက် တရုတ်အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် အစိုးရက လက်ဆောင်အဖြစ် ပေးပို့လိုက်သော အန်းအန်းနှင့် ကဲကဲဟုအမည်ရသည့် ပန်ဒါဝက်ဝံနှစ်ကောင် ဟောင်ကောင်ကျွန်း တိရစ္ဆာန်ရုံသို့ ရောက်ရှိနေပြီဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

အသက် ၅ နှစ်အရွယ် အဆိုပါပန်ဒါဝက်ဝံနှစ်ကောင်ကို ဟောင်ကောင်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အထူးလေယာဉ်ဖြင့် ပို့ပေးခဲ့ခြင်း ဖြစ်သည်။

နေရာသစ်တွင် အန်းအန်းနှင့် ကဲကဲကို အသားကျအောင်ထားရှိမည်ဖြစ်ရာ ဟောင်ကောင်ကျွန်းရှိ ပရိသတ်များအနေဖြင့် ၄င်းတို့ကို လာမည့် ဒီဇင်ဘာလထဲရောက်မှ ကြည့်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ Mon

**STOP AIDS**

## အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်း တရားမဝင်ရွှေတွင်း မြေပြိုမှုဖြစ်ပွား၊ လူ ၁၅ ဦး သေဆုံး

**ဂျကာတာ စက်တင်ဘာ ၂၈**

အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်းရှိ စုမတြားကျွန်း၌ ယခင်အပတ်နှောင်းပိုင်းက မိုးသည်းထန်စွာ ရွာသွန်းသဖြင့် တရားမဝင်ရွှေတွင်းတစ်တွင်းတွင် မြေပြိုမှု ဖြစ်ပွားရာ လူ ၁၅ ဦး သေဆုံးပြီး ၂၀ ဦးခန့် ပျောက်ဆုံးနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အနောက်ဆုမတြားပြည်နယ် အစွန်ဆုံးအပိုင်းရှိ တရားမဝင် စွန့်ပစ်ရွှေတွင်းဟောင်းတစ်ခုတွင် ညပိုင်း၌ မိုးသည်းထန် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်သဘာဝဘေးဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့ ပြောခွင့်ရသူက ဆိုသည်။



အခင်းဖြစ်ပွားရာ ယင်းရွှေတွင်းဟောင်းနှင့် အနီးဆုံးကျေးရွာတို့၌ အစိုးရကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် အရပ်သားစေတနာ့ဝန်ထမ်းများ ရှာဖွေကယ်ဆယ်ရေးလုပ်ဆောင်နေဆဲဟု ဆိုသည်။

အလွန်ခေါင်သောနေရာဖြစ်ပြီး မိုဘိုင်းဖုန်းလိုင်းများလည်း မမိသဖြင့် အခင်းဖြစ်ပွားသည်ကို နောက်ကျမှ သိရှိခဲ့ရသည်ဟု ဆိုလော့ခရိုင် ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူက ရှင်းပြကြောင်း သိရသည်။ Mon



အင်တာနက်ကွန်ရက်ထဲတွင် လိင်အညီအဟောက်ခတ်ပုံ၊ ဗီဒီယိုအတုအပများ ဖယ်ရှားပေးရန် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ စက်တင်ဘာ ၂၇ ရက်က အမျိုးသမီးများ စုဝေးတောင်းဆိုကြစဉ်။

Mon

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများဆိုင်ရာစစ်ဆေးခြင်းများ ဆောင်ရွက်



**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၉၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်၍ မော်တော်ယာဉ်မောင်းနှင်သူနှင့် ဆိုင်ကယ်စီးနင်းသူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေးစစ်ဆေးခြင်းများကို စက်တင်ဘာ ၂၆ ရက် ညနေ ၄ နာရီက ၃၅လမ်းနှင့် ၆၉လမ်းထောင့်မီးပွိုင့်လမ်းဆုံတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာစစ်ဆေးရာတွင် မော်တော်ဆိုင်ကယ်များ ယာဉ်နံပါတ်ပြားပါရှိခြင်း ရှိ၊ မရှိ၊ မော်တော်ယာဉ်လိုင်စင်နှင့် ဆိုင်ကယ်လိုင်စင်များပါရှိခြင်း ရှိ၊ မရှိ၊ ဆိုင်ကယ်စီးနင်းမောင်းနှင်သူများ ဆိုင်ကယ်စီးဦးထုပ်ဝတ်ဆင်မောင်းနှင်ခြင်း ရှိ၊ မရှိ၊ မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်းအသုံးပြုခြင်း ရှိ၊ မရှိ၊ အသက်ကယ်ထိုင်ခုံခါး ပတ်တပ်ဆင်ခြင်းနှင့် မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့်အမြန်နှုန်းထက် ပိုမောင်းနှင်ခြင်း ရှိ၊ မရှိ စသည်များအား စစ်ဆေးဆောင်ရွက်ခဲ့ကြပြီး သတ်မှတ်ချက်နှင့် စည်းကမ်းမလိုက်နာသည့် မော်တော်ယာဉ်အသုံးပြုသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူမှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၅၇)



## လျှပ်စစ်ဓာတ်အားလိုင်း ကြံ့ခိုင်မှုရှိရန် စစ်ဆေးပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်

**မြို့သစ် စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများသည် သဘာဝဘေးဒဏ်များကြောင့် ဓာတ်အားပြတ်တောက်မှုမရှိစေရန် ပွင့်လင်းရာသီကာလတွင်ကြိုတင်ကာကွယ် စစ်ဆေးပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြို့သစ်မြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးစီးသော ဝန်ထမ်းများသည် ဓာတ်အားခွဲရုံသို့ သွယ်တန်းထားသော 33 KV ဓာတ်အားလိုင်း၊ မြို့တွင်းနှင့် ကျေးရွာများသို့ ဖြန့်ဝေသွယ်တန်းထားသော 11 KV ဓာတ်အားလိုင်းများတစ်လျှောက် ကြည့်ရှုစစ်ဆေးကာ လိုအပ်သောနေရာများတွင် ဓာတ်ကြိုးများ၊ ဓာတ်တိုင်များ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ ဓာတ်တိုင်များပြိုလဲခြင်းမရှိစေရန်စစ်ဆေးခြင်း၊ ဓာတ်အားလိုင်းကြိုးများအား အနှောင့်အယှက်ဖြစ်စေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်များ ဓာတ်တိုင်ပေါ်သို့ ရစ်ပတ်တွယ်တက်မှုမရှိအောင် ရှင်းလင်းခြင်းလုပ်ငန်းများကို ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာဖြင့် ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်ရန် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြို့သစ်မြို့နယ်အတွင်း ယခင်က သွယ်တန်းပေးထားသော အကာအကွယ်မဲ့ကြေးနန်းကြိုးများ၏နေရာတွင် 400 V AAC လျှပ်ကာ၊ ကာဗာကြိုးများဖြင့် အသစ်လဲလှယ်တပ်ဆင်ပေးခြင်းလုပ်ငန်းများမှာ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ လျှပ်စစ်မီးသုံးစွဲသူပြည်သူများ အနေဖြင့် လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ကျောက်ဖြူမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၇၈ သိန်း ဖမ်းဆီးရမိ



**နေပြည်တော် စက်တင်ဘာ ၂၈**

တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၃ ရက် နံနက် ၄ နာရီက ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ရခိုင်ကမ်းရိုးတန်းတွင် ကမ်းရိုးတန်းသွားစက်လှေပေါ်ပါ မြလွင်၊ မင်းမင်းစိုး၊ သန့်ဇင်နိုင်နှင့် နိုင်လင်းထွန်းဆိုသူတို့ ၄ ဦးအား ငွေကျပ် ၂ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ် ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၇၈ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီတွင် ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား ရန်ကုန်မှ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်သို့ ပို့ဆောင်ခိုင်းသူ ဇော်မင်းဦး(ခ)ကိုဇော်နှင့် ပြည့် ဖြိုးမောင်ဆိုသူတို့အား ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုဆိပ်ကမ်းတွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း ၎င်းတို့သည် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ပြီး ရခိုင်ပြည်နယ်သို့ ရေကြောင်းဖြင့် သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရ၍ ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ခရီးသယ်တင်ယာဉ်တိမ်းမှောက်

**နေပြည်တော် စက်တင်ဘာ ၂၈**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် ၅၇/၄နှင့် ၅၇/၅ကြားတွင် စက်တင်ဘာ ၂၇ရက် နံနက် ၆ နာရီက ကုန်စိမ်းများတင်ဆောင်လာသောခရီးသည်တင်ယာဉ် တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားရာသို့ ဘောနီအမြန်လမ်း မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ဘောနီအမြန်လမ်း ရဲတပ်ဖွဲ့ဝင်များသွားရောက်ကူညီဆောင်ရွက်ပေးခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းအမျိုးသားတွင် ဦးခေါင်းနောက်စေ့ထိခိုက် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ပြီး ယာဉ်နောက်လိုက်မှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

(ယာပုံ)(၀၄၅)



လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမများ
မသုံးရ။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Nay Lin Thu" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် အစင်ကျေးရွာနေ နေလင်းသူ(ခ)လူပျိုကြီးအား ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရေးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နေ့စဉ်အစားအစာထုပ်ပိုးသော ပစ္စည်းများထဲတွင် ရင်သားကင်ဆာဖြစ်စေနိုင်သည့် ကာစီနိုဂျင်များ ပါဝင်

ပလတ်စတစ်နှင့်စက္ကူစသည့် နေ့စဉ်အစားအစာထုပ်ပိုးသော ပစ္စည်းများထဲတွင် ရင်သားကင်ဆာဖြစ်စေနိုင်သည့် ကာစီနိုဂျင်များ ပါဝင်နေသည်ဟု မကြာသေးမီကကျင်းပသော အမေရိကန်အစားအစာထုပ်ပိုးမှုညီလာခံသို့ တင်သွင်းသည့် အစီရင်ခံစာတွင် ဖော်ပြသည်။

အဆိုပါထုပ်ပိုးပစ္စည်းများ၌ အမျိုးသမီးများခံစားရလေ့ရှိသော ရင်သားကင်ဆာဖြစ်ပွားစေသည့် ကာစီနိုဂျင်၂၀၀ခန့် ပါဝင်လျက်ရှိကြောင်း တွေ့ရသည်ဟု ဦးဆောင်သုတေသီ လင်းဆေးပါကင်ဆန်က ထုတ်ဖော်ပြောကြားသည်။



ကြွပ်ကြွပ်အိတ်များနှင့် အခြားပလတ်စတစ်အိတ်များထဲသို့ အထူးသဖြင့် ပူသောအစားအစာများထည့်လိုက်လျှင် ကာစီနိုဂျင်များပေါ်ထွက်လာကာ ကင်ဆာဖြစ်စေတတ်သည်ဟု ဆိုသဖြင့် စက္ကူအိတ်များကို အစားထိုးသုံးစွဲလာခဲ့ကြသည်၊

စက္ကူအိတ်အများစုသည်လည်း ရင်သားကင်ဆာဖြစ်စေနိုင်သည်ဟု ယခုလေ့လာတွေ့ရှိခဲ့ရာ အမျိုးသမီးများ အထူးဂရုစိုက်ရမည်ဖြစ်ကြောင်း သိရသည်။

(SCI)



## Jannik Sinner ကမ္ဘာကျော်တင်းနစ်သမားနှင့် Jin တို့ Gucci ပွဲတွင် တွေ့ရှိကြ

ကမ္ဘာကျော်တင်းနစ်ကစားသမား ဂျက်နစ်ဆင်နာအပါအဝင် အထင်ကရ အနုပညာရှင်များနှင့်အတူ ဘီတီအက်စ်မှ ဂျင်(ခေါ်) ကင်ဆွတ်ဂျင်ကို Gucci ပွဲတွင် မြင်တွေ့ရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတွင် ဂျက်နစ်ဆင်နာက ဂျင်သည် တင်းနစ်ကစားရသည်ကို နှစ်သက်ပြီး သူက ဂျင်၏ ဂီတကို နှစ်သက်သည့် ပရိသတ်ဖြစ်ကာ သူ၏ ကုတ်အင်္ကျီကိုပင် ဘီတီအက်စ်အဖွဲ့၏အရောင် ခရမ်းရောင်ကို ဝတ်ဆင်ခဲ့သည်ဟု ပြောကြား၍ ရင်းနှီးစွာ တွေ့ဆုံခဲ့သည်။

မင်းသမီး ဒါကိုတာဂျွန်ဆင်၊ ဗြိတိသျှမင်းသား ကင်စလေဘန်အာဒါ၊ အီတလီတင်းနစ်သမား ဂျက်နစ်ဆင်နာ Gucci စီအီးအိုတို့နှင့်အတူ ဂျင်းကို ဖက်ရှင်စတိုင်လ်သစ်နှင့် မြင်တွေ့ခဲ့ကြရသည်။

ကမ္ဘာ့အချောဆုံး မျက်နှာပိုင်ရှင်ဟု သတ်မှတ်ထားသည့် ဂျင်သည် အနက်ရောင်ဝတ်စုံ၊ လက်ဝတ်ရတနာများဆင်မြန်း၍ VOGLE မဂ္ဂဇင်းမျက်နှာဖုံးရှင်လည်းဖြစ်ခဲ့သည်။

(SKY)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Mahesh Babu ၏ ရုပ်ရှင်သစ်ကို နိုင်ငံတကာထိ ပြသရန်စီစဉ်

အိန္ဒိယတောင်ပိုင်း ရုပ်ရှင်ဒါရိုက်တာ အက်စ်အက်စ်ရာဂျာမိုလီက RRR နှင့် အနောက်တိုင်းထိ နာမည်ကြီးခဲ့ပြီး မဟေ့ရှ်ဘာဘူပါဝင်မည့် ရုပ်ရှင်သစ်ကိုလည်း နိုင်ငံတကာထိ ပြသရန် စီစဉ်နေပြီဖြစ်သည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်သစ်အမည်ကို တရားဝင်ထုတ်ပြန်ပေးခြင်းမရှိဘဲ အကြမ်းဖျင်းအားဖြင့် SS-MB 29 ဟုသာ ပေးထားကာ ဒါရိုက်တာအက်စ်အက်စ်ရာဂျာမိုလီ၊ ဇာတ်ညွှန်းကို ဒါရိုက်တာ၏ ဖခင်နှင့်အတူ ပူးတွဲရေးသားထားကာ မဟေ့ရှ်ဘာဘူ၏ ရုပ်ရှင် Guntur Kaaram ၏ ထုတ်လုပ်သူက ထုတ်လုပ်မည်ဖြစ်သည်။



ယင်းဇာတ်ကားကို အာဖရိကဒေသမှ တောတွင်းစွန့်စားခန်းတစ်ခုအကြောင်း ခြေပြုထားပြီး နိုင်ငံတကာ အတိုင်းအတာအထိ ဖြန့်ချိပြသရန် စီစဉ်ထားကာ ၂၀၂၅ ခုနှစ်တွင် စတင်ရိုက်ကူးမည်ဖြစ်ပြီး ဟောလိဝုဒ်အနုပညာရှင်များလည်း ပါဝင်မည်ဖြစ်သည်။ (SKY)




## Willian Chen နှင့် Zhaolusi တို့၏ LovesAmbition ကို ပရိသတ်သဘောကျနေကြ

တရုတ်အနုပညာရှင် အကချန်ပီယံဝီလျှံချန်နှင့်ချောမောသော နတ်သမီးလေး ကျန်းလူဆီတို့ ပါဝင်ထားသည့် Loves Ambition ဇာတ်ကား ပရိသတ်အားပေးမှုများပြား၍ လိုက်ဖက်မှုကို သဘောကျနေကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝီလျှံချန်နှင့် ကျန်းလူဆီမှာ အသက် ၁၃ နှစ်ကွာသော်လည်း အဆိုပါဇာတ်ကားတွင် လိုက်ဖက်ညီသော စုံတွဲအဖြစ် တွေ့ခဲ့ကြကာ နမူနာနှင့်ပင် ပရိသတ်ကို ဖမ်းစားနိုင်ခဲ့ကြသည်။


သူတို့နှစ်ဦး၏ ဇာတ်လမ်းတွဲမှာ ၂၀၂၅ ခုနှစ်တွင် ထွက်ရှိလာမည်ဖြစ်ပြီး အကြိုပုံရိပ်များကပင် ပရိသတ်ကို ဆွဲဆောင်အားပြင်းခဲ့ကြသည်ကို တွေ့ရသည်။

(SKY)

0-0-0-0-0

## BTS မှ Jay Hope က သင်တန်းကာလတွင်ပင် အလှူအတန်းမပျက်ခဲ့

ဘီတီအက်စ်အဖွဲ့ဝင် ဂျေဟုတ်(ခေါ်)ဂျောင်ဟိုဆွတ်က သင်တန်းကာလတွင်ပင် အလှူအတန်းမပျက် လှူဒါန်းမှုပြုလုပ်ထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဂျေဟုတ်သည် စွန့်ပစ်ထားသည့် တိရစ္ဆာန်ဂေဟာတွင် မုန့်နှင့်အမိုးအကာများ လှူဒါန်းမှုကို အမြဲပို့ပေးခဲ့၍ ဂေဟာမှူးက သူ့မိသားစုကို ကျေးဇူးတင်စကားပြောကြားထားသည်။

ဂျေဟုတ်သည် သင်တန်းကာလမတိုင်မီက Hope On The Street ရိုက်ကူးခဲ့ရာ နယူးယောက်ခ်လမ်းကြားလေးနှင့်အတူ ဂျပန်နှင့် ပြင်သစ်တို့တွင်လည်း ပါဝင်ခဲ့ပြီး အောင်မြင်မှုရခဲ့သည့် ဂီတဖြစ်ခဲ့ကာ အလှူအတန်းလည်း မပျက်ကွက်ခဲ့သည့် အနုပညာရှင်ဖြစ်ခဲ့သည်။ (SKY)

## Katseye အပါအဝင် ကေပေါ့ပ်မျိုးဆက်သစ်အဖွဲ့များ ထွက်ရှိလာ

ကေပေါ့ပ်ပဉ္စမမျိုးဆက်သစ်အဖွဲ့ဝင်များ အပြိုင်အဆိုင် ပွဲဦးထွက်ပွဲများ ပြုလုပ်လာခဲ့ကြရာ ကက်စ်အိုင်းအဖွဲ့လည်း ပွဲဦးထွက်ရှိလာသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အက်စ်အမ်နှင့်ဟောဘီတို့ကလည်း အေဂျင်စီငယ်များနှင့်အပြိုင် ဘလက်ပင့်ခ်၊ တွိုက်စ်၊ အက်စပါ၊ အိုင်ဗီ၊ နယူးဂျင်းစ်တို့ ခြေရာလိုက်နိုင်ရန်အတွက် အမျိုးသမီးကေပေါ့ပ်အဖွဲ့သစ်များ အပြိုင်အဆိုင် မိတ်ဆက်ပေးခဲ့ကြရာ ဟောဘီ၏ ကက်စ်အိုင်းလည်း အမေရိကန်တွင် ပွဲဦးထွက်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ဂီတဈေးကွက်အတွက် ရည်မှန်းထားသည်။

ဝိုင်ဂျီအင်တာတိန်းမင့်က MEOVV ကို နိုင်ငံစုံ မိန်းကလေးများ ပါဝင်နှင့် မိတ်ဆက်ပေးထားပြီး



ပွဲဦးထွက်ခွေများ ထိပ်ဆုံးနေရာရရှိကာ IZAN ကို စီဂျေအင်တာတိန်းမင့်က Land-2 မှ ရွေးချယ်ထားသည့် အဆိုတော်များဖြစ်ပြီး တီဗီအိပ်စ်ကျူ့အဖွဲ့ဝင်ဟောင်း ကင်ဂျေဂျောင်း ထုတ်လုပ်ထားသည့် Sa-y My Name တို့မှာ အောက်တိုဘာလတွင် ပွဲဦးထွက်ရှိလာမည်ဖြစ်သည်။ (SKY)

## IU က ဂီတပွဲတွင် သီချင်းသစ်ကို ချပြသွား

တစ်ကိုယ်တော်အဆိုတော် အိုင်ယူ(ခေါ်) လီဂျီအွန်းက သူ၏ ဂီတပွဲကျင်းပခဲ့ရာ အနုပညာရှင်ညီအစ်ကိုမောင်နှမများ တက်ရောက်ခဲ့ကြပြီး သီချင်းသစ်ကို ချပြခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အိုင်ယူသည် ဂီတနတ်ဘုရားမဟု သတ်မှတ်ခံရသည်ထိ ဂီတကို ဖန်တီးနိုင်စွမ်းအားကောင်းပြီး ကိုယ်တိုင်တေးရေး၊ တေးဆိုထုတ်လုပ်သူတစ်ဦးလည်းဖြစ်ကာ သူ၏ ဂီတပွဲတွင် ကိုယ်တိုင်




ဂစ်တာတီး၍ သီချင်းသစ်ကို ဆိုပြသွားသဖြင့် ပရိသတ်အားပေးမှု တစ်ခဲနက်ရရှိထားသည်။

အိုင်ယူ၏ ဂီတပွဲသို့ အနုပညာရှင်များစွာ တက်ရောက်ခဲ့ကြရာ သင်တန်းနားချိန်နှင့်ကြုံ၍ ဘီတီအက်စ်မှ ဗွီ(ခေါ်)ကင်ထယ်ယောင်းနှင့် သူငယ်ချင်းဂီနီတို့လည်း သွားရောက်အားပေးခဲ့ကြသည်ကို တွေ့ရ၍ ပရိသတ်များ သူတို့နှစ်ဦး ရင်းနှီးမှုကိုပါ ပီတိဖြစ်နေကြသည်။

(SKY)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုများကြောင့် စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးမှုများနှင့် စပ်လျဉ်း၍ ပြန်လည်စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်






**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး အတွင်း ရေကြီးနစ်မြုပ်မှုများကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးတို့တွင် ထိခိုက်ပျက်စီးမှုများနှင့် စပ်လျဉ်း၍ ပြန်လည်ကုစားနိုင်ရေး၊ ပြန်လည်စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တိုင်းဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရာဂီတိုင်ဖွန်းမုန်တိုင်းအရှိန်ဖြင့် မိုးသည်းထန်စွာ ရွာသွန်းပြီးရေကြီးရေလျှံမှုများကြောင့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသီးနှံများ ရေနစ်မြုပ်ကာ ထိခိုက်ပျက်စီးမှုများရှိခဲ့ရာ သီးနှံများအချိန်မီ ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် ယခုအစည်းအဝေးအား ကျင်းပရခြင်းဖြစ်ပါကြောင်း၊ နစ်မြုပ်၊ ပြန်ပေါ်၊ ထိခိုက်၊ ပျက်စီးမှုများတွင် မိုးစပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ချည်မျှင်ရှည်ဝါ၊ ပဲတီစိမ်း၊ အခြားပဲ၊ အခြားသီးနှံများ ရှိခဲ့ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား ပြန်လည်ဆောင်ရွက်နိုင်ရေး နိုင်ငံတော်က ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ နွေစပါးအပါအဝင် ဆီထွက်သီးနှံနေကြာနှင့် အခြားသီးနှံများ အစားထိုး စိုက်ပျိုးသွားနိုင်ရေး၊ စိုက်ပျိုးရေရရှိရေးနှင့် အထွက်နှုန်းလျော့နည်းခြင်း မရှိစေရေး၊ သီးနှံအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးနိုင်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလေးမျိုးကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများ အချင်းအချင်း ချိတ်ဆက်၍ တောင်သူများနှင့်ပူးပေါင်းကာ ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ် မတ် ၁၅ ရက်တွင် အပြီးဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အပေါ် အလေးထားကာ အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးအဆင့် သက်ဆိုင်ရာဌာနများမှ တိုင်းဦးစီးမှူးများနှင့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ရေကြီးရေလျှံခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေ၊ ပြန်လည်ကုစားနိုင်မည့် နည်းလမ်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်၏မူဝါဒများနှင့် လမ်းညွှန်ချက်များအား အပြည့်အဝ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ သက်ဆိုင်ရာဌာနများအနေဖြင့် တာဝန်ယူ ဆောင်ရွက်ကြရသည့် ကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် လစ်ဟင်းမှုမရှိစေရေး၊ စာရင်းဇယားအချက်အလက်များ မှန်ကန်တိကျရေး၊ မှတ်တမ်းမှတ်ရာများစနစ်တကျ ဆောင်ရွက်ထားရှိရေးတို့ကို မှာကြားပြီးနောက် ရှင်းလင်းတင်ပြချက်များ၊ ဖြည့်စွက်ဆွေးနွေးချက်များနှင့် အကြံပြုချက်များ အပေါ် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး



**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး အောင်မြေသာစံမြို့နယ်ရှိ မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးနှင့် ချမ်းမြသာစည်မြို့နယ်ရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးမြို့ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)သို့ လည်းကောင်း ရောက်ရှိပြီး ချုံနွယ်၊ ပေါင်းမြက်ပင်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်သရိုက်မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် စက်ယန္တရားတို့ဖြင့် တက်ညီလက်ညီ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ လိုက်ပါရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေထောက်ပံ့လှူဒါန်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

မန္တလေး စက်တင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေထောက်ပံ့လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ အလှူရှင်များဖြစ်သည့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် မစ္စကောင်းဖျင်(Ms.Gao Ping)၊ မန္တလေးတရုတ်လုပ်ငန်းရှင်အသင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။






အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သဘာဝဘေးဒုက္ခကြုံတွေ့ကြရသူများကို ကူညီကယ်ဆယ်ရန် စိတ်အားထက်သန်ကြသူများ၊ သဒ္ဓါတရားကြီးမားကြသည့် စေတနာရှင် အလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များမှ တတ်အားသရွေ့ တက်ကြွစွာ ပါဝင်လှူဒါန်းကြသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် လှူဒါန်းငွေများကို ရေဘေးဒဏ် ခံစားခဲ့ရသည့်ပြည်သူများထံ စနစ်တကျမျှတစွာ ထောက်ပံ့လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီးနောက် မန္တလေးမြို့အခြေစိုက်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် မစ္စကောင်းဖျင်(Ms.Gao Ping)က လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

ငှင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေများကိုလက်ခံရာ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် မစ္စကောင်းဖျင်က ငွေကျပ် ၄၇,၆၀၀,၀၀၀ ကိုလည်းကောင်း၊ South East Asia Gas Pipeline Company Limited (Great Ocean Branch)မှ တာဝန်ရှိသူများက ငွေကျပ် ၉,၅၀၀,၀၀၀ ကိုလည်းကောင်း၊ South East Asia Crude Oil Pipeline Company Limited (Great Ocean Branch)မှ တာဝန်ရှိသူများက ငွေကျပ် ၉,၅၀၀,၀၀၀ ကိုလည်းကောင်း၊ Myanmar Conch Cement Co.,Ltd မှ တာဝန်ရှိသူများက ငွေကျပ် ၁၇,၀၀၀,၀၀၀ ကိုလည်းကောင်း၊ မန္တလေးတရုတ်လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူများက ငွေကျပ် ၁၆,၄၀၀,၀၀၀ ကိုလည်းကောင်း လှူဒါန်းပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်းနှင့် ယနေ့လှူဒါန်းသည့် အခမ်းအနားမှာ တတိယအကြိမ်ဖြစ်ပြီး အလှူရှင်များမှ လှူဒါန်းငွေကျပ် စုစုပေါင်း သိန်း ၁၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)













သတင်း–စာမျက်နှာ ၁၂





# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း သီရိမန္တလာအဝေးပြေးခရီးသည်တင် ယာဉ်ရပ်နားစခန်း သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်မှုလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် ကော်မတီဝင်(၂)ဦးနေလင်းထွန်းနှင့် အခွန်ဌာန၊ လမ်းတံတားဌာန၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတို့မှ ဌာနမှူးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ၈၉ လမ်း၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြားရှိ သီရိမန္တလာအဝေးပြေးခရီးသည်တင် ယာဉ်ရပ်နားစခန်းသို့ ရောက်ရှိကြပြီး အဆိုပါယာဉ်ရပ်နားစခန်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် လိုအပ်သည့်အဆင့်မြှင့်တင်မှုလုပ်ငန်းဆိုင်ရာများ၊ ပြုပြင်တည်ဆောက်ရေးဆိုင်ရာ တည်ဆောက်ထားရှိသည့် ကားဂိတ်ခန်းသစ် အဆောက်အဦနှင့် နှစ်အလိုက်ထပ်မံဖြည့်တင်းရမည့် အိပ်ခန်းနှင့် ပြုပြင်ရမည့်ဆိုင်ခန်းများအခြေအနေအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် သီရိမန္တလာအဝေးပြေးခရီးသည်တင်ယာဉ်ရပ်နားစခန်းဝင်ပေါက်ရှိ ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဝင်ကြေးကောက်ခံသည့် ဂိတ်တွင် ကွန်ပျူတာ(ETC)စနစ်ဖြင့် သတ်မှတ်နှုန်းထားအလိုက် ကောက်ခံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က ယာဉ်ရပ်နားစခန်းသို့ ဝင်ရောက်သည့် ဆိုင်ကယ်လမ်းအား ကားများဝင်ရောက်နိုင်သည်အထိ တိုးချဲ့ပြုပြင်ပေးရန်၊ လမ်းကာတုံးများရှိ ဖြူ၊ နီကြားများအား ဆေးသုတ်ပေးရန်နှင့် ပင်မဂိတ်ခန်းမအဆောက်အအုံကြီးအား ဆေးရောင်များ မကောင်းတော့၍ ဆေးသုတ်မွမ်းမံပြင်ဆင်ပေးရန်၊ ပြုပြင်ရန်ကျန်ရှိနေသေးသည့် ကားဝင်းပတ်လည် ဂိတ်ခန်းများ၊ ဈေးဆိုင်ခန်းများ၊ စားသောက်ဆိုင်များအား နှစ်အလိုက် ပုံစံတစ်ပြေးညီအဆင့်မီ ပြန်လည်ပြုပြင်ပေးသင့်သည့်နှစ်အလိုက် ရေးဆွဲ၍ ဘဏ္ဍာငွေထည့်သွင်းပြုပြင်ဆောင်ရွက်ပေးရန်နှင့် ကားကွင်းအတွင်း ယာဉ်ရပ်နားနေရာများ၌ မြေသားများ ကျန်ရှိနေခြင်းအား





လာမည့်ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်ခင်းပေးရန်တို့ကို မှာကြားခဲ့သည်။

ထို့ပြင် ယာဉ်ရပ်နားစခန်းအနောက်ဘက်ခြမ်းရှိ ကော်မတီမှ နှစ်ချုပ်စနစ်ဖြင့် ငှားရမ်းထားသည့် ဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်မှုရှိအောင် ဆောင်ရွက်ရန်နှင့် ရှေ့မျက်နှာစာ အမိုးအဖီထုတ်ထားမှုများ တစ်ညီတည်းဖြစ်အောင်ဆောင်ရွက်ပေးရန်၊ ယာဉ်ရပ်နားစခန်းအတွင်း လိုင်းကားများ စနစ်တကျ သတ်မှတ်နေရာများတွင် ထားရှိရေးနှင့် အဝင်၊ အထွက်လမ်းအား ပိတ်ဆို့မှုမရှိအောင် ကြီးကြပ်ဆောင်ရွက်ပေးရေးတို့ကို ဖြည့်စွက်မှာကြားခဲ့သည်။

သီရိမန္တလာအဝေးပြေးခရီးသည်တင် ယာဉ်ရပ်နားစခန်းသည် အလျား ၃၈၀ ပေ X အနံ ၂၈၅ ပေ ကျယ်ဝန်းပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း(မိုးမိတ်၊ မဘိမ်း)စသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ မြို့များသို့ နေ့စဉ်ခရီးသည်များကို ပို့ဆောင်ပေးလျက်ရှိသည့် ခရီးသည်တင်ယာဉ်လိုင်းအသင်းပေါင်း ၁၅၃ သင်းဖြင့် ခရီးသည်သွားလာမှု လွယ်ကူအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးသည့် အဓိကနေရာဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## မြန်မာ့ဆန်နှင့် ဆန်ကွဲကို ဘယ်လ်ဂျီယံနိုင်ငံမှ အများဆုံးဝယ်ယူထား



ယခုနှစ်ဘဏ္ဍာနှစ် အစောပိုင်း ငါးလပတ်အတွင်း ဘယ်လ်ဂျီယံနိုင်ငံက မြန်မာ့ဆန်နှင့် ဆန်ကွဲကို အများဆုံးဝယ်ယူတင်သွင်းထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) ၏အချက်အလက်များအရ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လကုန်အထိ ငါးလအတွင်း ဘယ်လ်ဂျီယံနိုင်ငံက မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၆၂၀၀၀ ကျော်တင် သွင်းခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံက မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁၅၇၀၀၀ ကျော်ဖြင့် ဒုတိယ အများဆုံး ဝယ်ယူတင်သွင်းထားခြင်း ဖြစ်သည်။ မြန်မာ ဆန်နှင့်ဆန်ကွဲကို တတိယအများဆုံး ဝယ်ယူသည့် နိုင်ငံမှာ အင်ဒိုနီးရှားနိုင်ငံဖြစ်ပြီး တန်ချိန် ၁၄၅၀၀၀ တင်သွင်းဝယ်ယူထားခြင်း ဖြစ်သည်။

ထို့အပြင် မိုဇမ်ဘစ်၊ နယ်သာလန်၊ စပိန်နိုင်ငံတို့မှလည်း မြန်မာ့ဆန်နှင့်ဆန်ကွဲကို ဝယ်ယူနေသည်။ ယခုဘဏ္ဍာနှစ် အစောပိုင်း ငါးလအတွင်း မြန်မာနိုင်ငံ၏ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုအားလုံး အနေဖြင့် တန်ချိန် ၇၁၈၀၀၀ ကျော်ရှိပြီး ယင်းတင်ပို့မှုကနေ အမေရိကန် ဒေါ်လာ ၃၅၃ သန်းကျော် ရရှိထားသည်။

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့နိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ရည်မှန်းထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-ဖိုင်)**

# အရန်မီးသတ်ဒုတိယတပ်ရင်းမှူးရာထူးအဆင့် တံဆိပ်တပ်ဆင်ပွဲ အခမ်းအနားကျင်းပ

**မန္တလေး စက်တင်ဘာ ၂၈**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် အရန်မီးသတ်တပ်ခွဲမှူးရာထူးမှ အရန်မီးသတ်ဒုတိယတပ်ရင်းမှူး ရာထူးသို့ တိုးမြှင့်ခန့်ထားခံရသူများအား ရာထူးအဆင့် တံဆိပ်တပ်ဆင်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ရက် မွန်းလွဲ ၂နာရီက ချမ်းအေးသာစံမြို့နယ် ၈၁လမ်းနှင့် ၂၉ လမ်းထောင့်၊ ဗဟိုမီးသတ်စခန်း၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး အရန်မီးသတ်တပ်ခွဲမှူးရာထူးမှ အရန်မီးသတ်ဒုတိယတပ်ရင်းမှူး ရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရသော မဟာအောင်မြေမြို့နယ်မှ အရန်မီးသတ်တပ်ခွဲမှူး ဦးကိုလေး နှင့် အောင်မြေသာစံမြို့နယ်မှ အရန်မီးသတ်တပ်ခွဲမှူး ဦးမြင့်ဇော်တို့အား မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်းတို့က အရန်မီးသတ်ဒုတိယ တပ်ရင်းမှူး ရာထူးအဆင့်တံဆိပ် တပ်ဆင်ပေးခဲ့သည်။ (ဓဓပုံ)

အခမ်းအနားသို့ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကိုနှင့် ခရိုင်အရန်မီးသတ်ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မြို့နယ်အရန်မီးသတ်တပ်ခွဲမှူးများ တက်ရောက်ခဲ့ကြသည်။ **မောင်ပြည်သူ(မန္တလေး)**

# ဆောင်းမြေပဲ အထွက်နှုန်းကောင်းစေရန် ထယ်ရေး၊ ထွန်ရေး ကောင်းစွာပြုပြင်ပေးရမည်

**မန္တလေး စက်တင်ဘာ ၂၈**

ဆောင်းမြေပဲကို ပုံမှန်ရာသီဥတုတွင် စိုက်ပျိုးမည်ဆိုပါက စက်တင်ဘာလလယ်မှစ၍ နိုဝင်ဘာလလယ်အထိ စိုက်ပျိုးကြသည်။

မြေပဲစိုက်ပျိုးချိန် အစိုဓာတ်ရရှိမှုအဓိကဖြစ်သည်။ မြေပြုပြင်မှုကလည်း အထွက်နှုန်းကောင်းစေရေးအတွက် အရေးကြီးရာ ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက်ဖြစ်အောင် မြေပြုပြင်ရမည်။ စိုက်ပျိုးမြေ မြေပြန့်ဆိုပါက ညီညာအောင်ပြုလုပ်ရမည်။ အညာဒေသထက် မိုးရွာသွန်းမှုများသော မြန်မာနိုင်ငံအောက်ပိုင်းတွင် ရေသွင်းရေထုတ်ပြုလုပ်ပေးရန် ကြိုတင်ပြင်ဆင်ထားသင့်သည်။

ရေလွှမ်းရေကြီးမှု ပိုများပါက ပေါင်ပြုလုပ်၍ စိုက်ပျိုးကြသည်။ မိုးလေဝသ၏ ကြိုတင်ခန့်မှန်းချက်များအရ မိုးနည်းမှု၊ အပူချိန်လျော့ပါးမှုရှိနိုင်သဖြင့် ချိန်ဆသင့်သည်။ မြေတွင်း၌ အစိုဓာတ်အားပြုစိုက်ပျိုးရသော ဆောင်းမြေပဲသည် အစိုဓာတ် မိရန်လိုအပ်သည်။ မြေပဲစေ့သည် အစိုဓာတ်နည်းနည်းဖြင့် အပင်အညှောင့်ပေါက်နိုင်သည်။

မြေထဲ၌ မျိုးစေ့နက်နက် မချဘဲနှင့် စိုက်ကြောင်း၏ အတိမ်အနက်သည် တစ်လက်မခွဲ၊ နှစ်လက်မရှိလျှင်ပင် မျိုးစေ့အပင်ပေါက်နိုင်သည်။ မြေဆီလွှာအတိမ်အနက်ကိုမူတည်ပြီး မြေပဲပင်သည် ရှည်ထွက်လာနိုင်သည်။ မြေပဲပင်မ အမြစ်များနှင့် ဘေးမှထွက်သော အမြစ်များ၏ ရှည်ထွက်မှုအားကောင်းသည်။အမြစ်သည်လည်း နက်နက်ဆင်းသည်။ ဘေးဘက်လည်း များများဖြာထွက်သည်။

သို့ဖြစ်၍ မြေပဲစိုက်ခင်း မြေပြုပြင်မှုကောင်းမွန်ပါက မြေပဲအပင်ကြီးထွားမှုကောင်းမွန်ပြီး အထွက်နှုန်းပိုမိုကောင်းမွန်စေသည်။ လယ်မြေထက်ယာမြေတွင် ထွန်ရေးခံရသည်။ မစိုက်ပျိုးမီ ကြိုတင်မြေယာထွန်ရေးပြုပြင်မှ ရေထိန်းထားနိုင်သည်။ ကိုင်းမြေနှင့် လယ်သီးထပ်တွင် ထယ်ထိုး၊ ထွန်မွှေ၊ ကြမ်းတုံးရိုက်၊ မြေညီအောင်ဖုံးအုပ်၍ တစ်ညသိပ်ထားခြင်းဖြစ်သည်။ မြေအစိုဓာတ်၊ အပူဓာတ်တို့ကြောင့် ပွမွလာသည်။

မြေပွလာလျှင် ထယ်ကြောင်းနှင့်ထွန်ကြောင်း ခွဲခြေရာတွင် လွယ်ကူပြီး ထွန်ရေးလည်း ကောင်းသွားသည်။ ထယ်ရေးသည် မြေမာကြောဖြတ်ရန်နှင့် မြေမာကြောအောက်ရှိ အစိုဓာတ်နှင့် အမြစ်မှ အစာစုပ်ယူနိုင်ရန် ဖြစ်သည်။ ထွန်ရေးကောင်းခြင်းသည် မြေစေ့မှ အပင်ပေါက်ကောင်းခြင်း၊ ညှံ့ခြင်း၊ အပင်ကြီးထွားမှုအတွက် အဓိကဖြစ်သည်။



အတန်းလိုက်စိုက်ပျိုးခြင်းသည် မြေပဲပန်းမပွင့်မီကာလ ပေါင်းလိုက်ကြားထွန်ပြုလုပ်ရမှုကြောင့် အပင်သန်သည်။ မြေအခြေအနေနှင့် မြေအမျိုးအစားပေါ်လိုက်၍ တစ်ဧက အပင်အရေအတွက် တစ်သိန်းခန့်ရရှိရန် ပင်ကြား ၁၂ လက်မ၊ တန်ကြား ၄ လက်မဖြစ်စေ၊ ပင်ကြား ၁၅ လက်မ၊ တန်ကြား ၄ လက်မဖြစ်စေ အတန်းလိုက် စိုက်ပျိုးကြရသည်။ **(အပေါ်ပုံ)**

ဆောင်းမြေပဲစိုက်ပျိုးမှုသည် မြေကြီးအစိုဓာတ်ရရှိအောင် စိုက်ပျိုးကြရသဖြင့် မျိုးစေ့ကို ဈေးနှုန်းကြီးကြီးဖြင့် ပေး၍ဝယ်ရသော မြေပဲမျိုးစေ့နှင့် မြေမှုန့်၊ မြေကြီး၊ မြေဆီလွှာ ထိတွေ့မှုများများရရှိရန် မြေယာပြုပြင်မှုမှန်ကန်ခြင်းသည် ဆောင်းမြေပဲ အထွက်နှုန်းကောင်းမွန်စေရေးအတွက် အဓိကအချက်ဖြစ်ကြောင်း စိုက်ပျိုးရေးပညာရှင်များက အကြံပြုပေးထားသည်။ **ရွှေမန်း**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဂန္ထဝင်ပန်းတို့ ထာဝစဉ်လန်းဖို့

* ဂန္ထဝင်ကဗျာ
အသံသာ၍ ကာရန်ရှိ
ရွတ်ဖတ်သူ နလုံးစိတ်ဝမ်း
ရွှင်လန်းစေ၏ ။
* ဘိုးဘွားဘီဘင်
ခေတ်အဆက်ဆက်
မြန်မာတို့၏ ယဉ်ကျေးမှု
ပြယုဂ်တစ်ခုအဖြစ် မြတ်နိုးရာ
ထိန်းသိမ်းလာသည့် ဂန္ထဝင်ရာဇဝင်
* အရွယ်သုံးပါး နလုံးသားမှာရှန်ဆ
လိုက်ဖက်သည်ပင်
ဂန္ထဝင်ကဗျာပန်းများ
တင့်ဆန်းစေချင် ။
* ဖွံ့နွဲ့ပုံသွင်တစ်မူစီခြား
သုတရသနှစ်ဖြာ
ရောယှက်ကာ ပေးစွမ်းအား
များလှတကား ။ ။

မောင်မောင်လင်းထွဋ် (နန်းတော်ရှေ့)

# မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများနှင့်တွေ့ဆုံ၊ စားသောက်ကုန်များထောက်ပံ့

**မန္တလေး စက်တင်ဘာ ၂၈**



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီးရုံး၊ ခရိုင်တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူးများ၊ မြို့နယ်အားကစားမှူးများ၊ အရာထမ်းများ၊ အမှုထမ်းများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ၂၇ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ရှိ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင်အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်က အားကစားကွင်း၊ အားကစားရုံများအစဉ်သန့်ရှင်းသာယာရေး၊ ပြုပြင်ထိန်းသိမ်းရေး၊ ခရိုင်နှင့်မြို့နယ်အလိုက် အားကစားပြိုင်ပွဲများ ကျင်းပရေးနှင့် ဝန်ထမ်းဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် ခရိုင်တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်အားကစားမှူးများ၊ ဝန်ထမ်းများက ပဋ္ဌမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရေး အားကစားနည်းအလိုက် ရွေးချယ်လေ့ကျင့်မှုဆိုင်ရာများနှင့် ဝန်ထမ်းဆိုင်ရာများ ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများအား စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

**(ဝ၄၅)**

## သတင်းပဒေသာ

### ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက ထောက်ပံ့ငွေများ လှူဒါန်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့၊ မြို့မပရိယတ္တိစာသင်တိုက်တွင် ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကွပ်ကဲမှုရုံးတွင် ရေဘေးသင့်ပြည်သူများအား အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ လှူဒါန်းလျက်ရှိရာ ယမန်နေ့ နံနက် ၁၁ နာရီက ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက ထောက်ပံ့ငွေများ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### သန့်ရှင်းရေးဆောင်ရွက်နေမှု တာဝန်ရှိသူများကြည့်ရှုစစ်ဆေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း ရေဘေးကြောင့် ယာယီပိတ်ထားသည့် မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကယ်ဆယ်ရေးစခန်းနှင့် အနော်ရထာရပ်ကွက်(ရွာသစ်) အခြေခံပညာအလယ်တန်းကျောင်းတို့တွင် ကျောင်းများပြန်လည် ဖွင့်လှစ်စာသင်ကြားနိုင်ရေး အရှိန်အဟုန်မြှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့်တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ လွယ်အံကျေးရွာအုပ်စု၊ အင်းပြင်ပရိယတ္တိစာသင်တိုက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ယမန်နေ့ မွန်းလွဲ ၁ နာရီက တာဝန်ရှိသူများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွားလျက်ရှိသော ကျေးရွာများသို့ ကျောက်တလုံးကြီးမြို့ဌာနဆိုင်ရာများနှင့် အလှူရှင်များစုပေါင်း၍ ယမန်နေ့ နံနက် ၁၀ နာရီက စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### မြေပြင်ကွင်းဆင်း စမ်းသပ်ကောက်ယူလျက်ရှိ

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက လှိုင်လင်မြို့ အမှတ်(၁)ရပ်ကွက်တွင် မြေပြင်ကွင်းဆင်း စမ်းသပ်ကောက်ယူလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ရေဘေးသင့်ပြည်သူအတွက် ထောက်ပံ့ငွေ ပေးအပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာများအတွင်း ရေရှည်ဖွံ့ဖြိုးသော စာကြည့်တိုက်များ ပေါ်ထွန်းလာစေရန်အတွက် စာကြည့်တိုက်ဆောက်လုပ်နိုင်ရေး ပန္နက်တင်ခြင်းနှင့် ရေဘေးသင့်ပြည်သူအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ယန်းကျိန်အုပ်စု၊ တာခွယ်ကျေးရွာ၌ ကျင်းပခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### သတ်မှတ်ရည်ညွှန်းဈေးနှုန်းများဖြင့် ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေး

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၌ ဓာတ်မြေဩဇာ လက်လီ၊ လက္ကား ဖြန့်ဖြူးရောင်းချသည့် ဆိုင်များအား ဒေသအလိုက် သတ်မှတ်ရည်ညွှန်းဈေးနှုန်းများဖြင့် ရောင်းချခြင်း ရှိ၊ မရှိ မြို့နယ်ယူရီးယား ဓာတ်မြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင် ကော်မတီက ယမန်နေ့မွန်းလွဲ ၁ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များကို ဆွမ်း၊ ဆွမ်းဟင်းနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူ

**စစ်ကိုင်း စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှ ဆရာတော်၊ သံဃာတော်များကို စက်တင်ဘာ ၂၅ ရက် နံနက်က ဆွမ်းနှင့်ဆွမ်းဟင်း လောင်းလှူခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်းရှိ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့်ဆွမ်းဟင်းလောင်းလှူပွဲနှင့် သီလရှင်ကျောင်း ၆ ကျောင်းရှိ သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းဖြစ်သည်။

ထိုသို့ လောင်းလှူရာတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်မိသားစုဝင်များက လောင်းလှူကြသည်။

ဆွမ်းနှင့်ဆွမ်းဟင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရှိ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့်မိသားစုဝင်များက လစဉ်လောင်းလှူနေခြင်း ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၃၉၄)**

---

## ဆေးပဒေသာပင် အလှူငွေများ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၈**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ ဓိဝိတဒါနသာသနာ့ အထူးကုဆေးရုံကြီးတွင် တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိကြသော အနယ်နယ်အရပ်ရပ်မှ သံဃာတော်များအတွက် ဆေးပဒေသာပင်အလှူငွေပေးအပ် လှူဒါန်းပွဲကို ယမန်နေ့က အဆိုပါ ဆေးရုံခန်းမတွင် ကျင်းပခဲ့သည်။

အလှူရှင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၂လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြား မလွန်ဈေးဆန်လှူအသင်းကြီးမှ ဆေးပဒေသာပင်အလှူငွေကျပ် ၁၀ သိန်းနှင့်ဆွမ်းဆန်တော် ၅ တင်းတို့ကို အသင်းအမှုဆောင်အဖွဲ့ လူကြီးများက ပေးအပ်လှူဒါန်းရာ ဆေးရုံဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူပြီး သာဓုအနုမောဒနာခေါ်ဆိုကြကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဓိဝိတဒါနသာသနာ့ အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့်အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင်လည်းကောင်း ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ နှင့်ဆက်သွယ်၍လည်းကောင်း လှူဒါန်းနိုင်ကြောင်းသိရသည်။




**(အပေါ်ပုံ)(ကဆ)**

---

## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာကြီး၊ ဆရာမကြီးများအား အချိန်နှင့်တပြေးညီ ထောက်ပံ့ပေးလျက်ရှိရာ စက်တင်ဘာ ၂၇ရက်က နာမကျန်းဖြစ်နေသည့် ဆရာကြီး ဦးမြင့်ဆွေ(ပထဝီဝင်)နှင့် ဓာတုဗေဒဌာနမှ ဆရာမကြီး(ငြိမ်း) ဒေါ်မိမိကြီးနှင့် ဒေါ်ခင်မေဦးအား ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌဦးပိုမြင့်နှင့်အဖွဲ့ဝင်များက နေအိမ်များသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြု ငွေကျပ်သုံးသိန်း စီပေးအပ်၍ ကျန်းမာရေးမေးမြန်းအားပေးစကားများ ပြောကြားခဲ့ကြသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်နေ့မှ စပြီး ၂၀၂၄ ခု စက်တင်ဘာ ၂၇ ရက်အထိ နာမကျန်းဖြစ်သော ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၃၁၅ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြုငွေကျပ် ၅၃၈ သိန်း ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၀၄၅)**



# ပြန်လည်ကြည့်ဖြစ်တဲ့ သဏ္ဍာရာဇ်များ (၈၉)

## သွယ်အောင်

"မာဆိုး"ဘုံကလောင်ဖြင့် ဆရာပိုင်စိုးဝေအား အင်တာဗျူးဆောင်းပါးလုပ်အပြီး ရုပ်ရှင်တေးကဗျာမှ နောက်ထပ်စာရေးဆရာတစ်ဦးအား အင်တာဗျူးလုပ်ပေးဖို့ တောင်းဆိုသောအခါ အောင်ဘညိုက ကဗျာဆရာ၊ ဝေဖန်ရေးဆရာ မောင်သွေးချွန်ကို အင်တာဗျူးလုပ်မည်ဟုဆိုသောအခါ ကျွန်တော်က မောင်သွေးချွန်ကို အင်တာဗျူးလုပ်လျှင်တော့ အထူးဂရုစိုက်လုပ်သင့်ကြောင်း အောင်ဘညိုကို အကြံပြုမိသည်။

ထိုစဉ်က မောင်သွေးချွန်၏ကလောင်သည် ကဗျာလည်းရေးသည်။ ဝတ္ထုတိုလေးများလည်း ရေးသည်။ စာပေဝေဖန်ရေးကိုလည်း ရေးနေသောကြောင့် ဖြစ်သည်။ စာပေသမားတစ်ယောက်ဖြစ်၍ ကန့်ကွက်ရန်မရှိပါ။ သို့သော် စိတ်ထဲတွင်တော့ သိပ်ဘဝင်မကျမိပေ။ နေမျိုးအနေဖြင့် မေးခွန်းမေးဖြစ်လား၊ မမေးဖြစ်လား သတိမထားမိ။ ကျွန်တော်က ဘာမေးခွန်းမှမမေးဘဲ ခပ်ရှောင်ရှောင်နေပြီး ကဗျာရေးဖွဲ့သည့်အလုပ်ကို အားထည့်မိသည်။

နောက်ပိုင်း အောင်ဘညိုလည်း ရန်ကုန်တွင် အခြေစိုက်နေထိုင်ပြီး ကဗျာရေးစာရေးခြင်းအလုပ်ဖြင့် သူ့ဘဝကို ရှင်သန်အောင်ရပ်တည်နေရသောကြောင့် မဂ္ဂဇင်းများတွင် သူ့စာမူများပါအောင် ကြိုးစားရုန်းကန်နေရသည်ကိုလည်း ကြားသိနေရသဖြင့် အောင်ဘညိုကို နားလည်ခွင့်လွှတ်ခဲ့ပါသည်။

အောင်ဘညိုက "မာဆိုး"ကလောင်ဖြင့် အင်တာဗျူးဆန်ဆန် ဆောင်းပါးများရေးသားခဲ့သော်လည်း မူလရည်ရွယ်ခဲ့သည့် စာရေးဆရာများ၊ စာပေသမားများအကြောင်း မဟုတ်တော့ဘဲ ဂီတနယ်ပယ်မှ အဆိုတော်များအကြောင်းကို တင်ဆက်လာသောကြောင့် "မာဆိုး"ကလောင်နှင့် ပတ်သက်၍ ကျွန်တော်နှင့်နေမျိုး ပါဝင်ဆက်နွယ်ခြင်း မရှိတော့ဘဲ သူတစ်ဦးထဲ ဒိုင်ခံရေးဖွဲ့နေတော့သည်။

ထိုစဉ်က ကျွန်တော်တို့လူငယ်များ ကဗျာရေးအားကောင်းသလို စကားပြေဝတ္ထုများလည်း အားကောင်းမောင်းသန် ဖွံ့ဖြိုးတိုးတက်နေသည်မှာ အားရစရာကောင်းလှသည်။ သို့ကြောင့်လည်း "ဝတ္ထုတိုရွှေခေတ်"ဟုပင် စကားပြေသမားများကို ဟစ်ကြွေးခဲ့ကြပေသည်။



"ဝတ္ထုတိုရွှေခေတ်"ဟု ကြွေးကြော်မည်ဆိုကလည်း ကြွေးကြော်ချင်စရာ။ ကျွန်တော်တို့ မန္တလေးမြို့မှ စာရေးဆရာများက ဝတ္ထုတိုစာအုပ်တွေ အပြိုင်းအရိုင်းထွက်နေသည်။ ဆယ့်နှစ်မျက်နှာ နာရီစင်၊ ဝသုန္ဓရေလက်ရေး၊ ဆယ့်နှစ်ပွဲဈေးသည်၊ ကျော်စွာထက်ဝတ္ထုတိုများ (၁)(၂)(၃)၊ ဗုဒ္ဓဟူးနေ့မှမိုင်ငါးရာ စသဖြင့် အရောင်အသွေးစုံလှသည်။ (အပြည့်အစုံမဟုတ်ပါ၊ ကျန်ဝတ္ထုတိုများ ကျန်ရှိနေပါဦးမည်)

အချို့ကဗျာဆရာများပင် စကားပြေဘက်လိုင်းပြောင်းပြီး ဝတ္ထုတို၊ ဆောင်းပါးများ ရေးဖွဲ့ကုန်ကြသည်။ ကိုငြိမ်း(မန္တလေး)လည်း ကဗျာမှ ဝတ္ထုဘက်သို့ သိသိသာသာကြီး ပြောင်းသွားသည်။ ဆရာမောင်သင်းပန်ကတော့ ဝတ္ထုတော့မရေး။ ရသအက်ဆေးဆောင်းပါးတွေ ရေးသည်။ ဝတ္ထုခေါင်းစဉ်တပ်ပြီး ကဗျာတွေရေးသည်။

ကျွန်တော်လည်း စကားပြေ(ဝတ္ထု)ရေးဖူးသည်ရှိအောင် ဝတ္ထုတို သုံးပုဒ်လောက် စမ်းရေးကြည့်သည်။ ကျွန်တော် ရေးဖွဲ့ခဲ့သော ဝတ္ထုများမှာ "အိပ်မက်ဒိုင်ယာရီ"၊ "လွမ်းရိပ်ပွင့်မျော"နှင့် "သံလမ်းပေါ်က ခြေလှမ်းများ"ဖြစ်သည်။ ထိုဝတ္ထုတိုများ မဂ္ဂဇင်းများသို့ ပေးပို့ကြည့်သည်။

ဒဂုန်မဂ္ဂဇင်းတွင် "အိပ်မက်ဒိုင်ယာရီ"ဝတ္ထုရွေးချယ်ထားသည်ဟု ရန်ကုန်မှ ပြန်လာသော ကိုကျော်စွာထက်ထံမှတစ်ဆင့် ကြားသိရသဖြင့် ဝမ်းသာပျော်ရွှင်ကာ ဒဂုန်မဂ္ဂဇင်း လစဉ်ထွက်တိုင်း နဂါးစာပေသို့သွားကာ မဂ္ဂဇင်းစာအုပ်မာတိကာကို လှန်ကြည့်ဖြစ်သည်။ ဒဂုန်မဂ္ဂဇင်းသာ ရပ်သွားသည် ကျွန်တော်၏ဝတ္ထုတိုကလေး ဖော်ပြမပါရှိခဲ့ပေ။

ထိုဝတ္ထု ဒဂုန်မဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့လျှင် ကျွန်တော်ဝတ္ထုတိုတွေ ဆက်ရေးမည်လား မပြောတတ်ပေ။ ဝတ္ထုမပါသောကြောင့် ကျွန်တော်လည်း ဝတ္ထုရေးခြင်းအလုပ်ကို စွန့်လွှတ်လိုက်ပြီး ကဗျာများကိုသာ ဆက်လက်ရေးဖွဲ့ရင်ခုန်နေမိသည်။

ပေဖူးလွှာ၊ ချယ်ရီ၊ ကလျာ၊ ဟန်သစ်၊ စံပယ်ဖြူ၊ ရုပ်ရှင်အောင်လံ၊ ရုပ်ရှင်အမြုတေ၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းများတွင် ကဗျာများ လစဉ်နီးပါးပါရှိခဲ့ပြီး ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းတွင် ကဗျာအများဆုံးပါရှိသည်။ တစ်ခါတရံ ဆောင်းပါးပါသည်။ (ဝတ္ထုမရေးဖြစ်၊ မပို့ဖြစ်ပါ)။

မဂ္ဂဇင်းတွင် ကဗျာပါသည်ဟုဆိုရသော်လည်း ယင်းကဗျာတစ်ပုဒ် ပုံနှိပ်စာလုံးအဖြစ် မြင်တွေ့ရန် အချိန်ကာလခန့်မှန်း၍ မရချေ။ အချိန်တိုတို တစ်လ၊ နှစ်လခန့်ကြာပြီး ပုံနှိပ်ဖော်ပြခံရသလို အချို့ကဗျာများမှာ မဂ္ဂဇင်းသို့ စတင်ပို့သည့်ရက်မှ ရေတွက်သော် နှစ်နှင့်ချီပြီးကြာမှ ပုံနှိပ်ဖော်ပြခံရသည့် ကဗျာများလည်းရှိသည်။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းမှာ ကဗျာဦးစားပေးဖော်ပြသည့်အတွက် အချိန်ကြာကြာ မစောင့်ရဘဲ မြန်မြန်ဆန်ဆန်ဖော်ပြပါရှိသည့်အတွက် ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းထုတ်ဝေသူ ဆရာအဝကျွန်းဦးချစ်မောင်နှင့် ဆရာမတင်တင်ဦးတို့အား ကျေးဇူးတင်ရှိရပေသည်။ ကဗျာတာဝန်ခံ အယ်ဒီတာ ဆရာမောင်သင်းခိုင်ကိုလည်း အထူးကျေးဇူးတင်ရပါသည်။ ထူးထူးခြားခြား ကဗျာတစ်ပုဒ်ကိုတော့ တစ်နှစ်နီးပါးကြာမှ ဖော်ပြခံရသည့်ကဗျာကို ကောင်းကောင်းကြီး မှတ်မိနေသည်။ ၁၉၉၀ ပြည့်နှစ်တွင်ရေးပြီး ၁၉၉၁ ခုနှစ်တွင် ကဗျာဖော်ပြခံခဲ့ရသည်။

တာဝန်ခံအယ်ဒီတာ ဆရာလင်းဝေမြိုင် ဖြစ်သည်။ ကဗျာတာဝန်ခံ အယ်ဒီတာမှာ ဆရာမောင်သင်းခိုင်ဖြစ်သည်။ မျက်နှာဖုံးသရုပ်ဖော်ရန်အောင်၏ ဓာတ်ပုံ၊ ကဗျာသရုပ်ဖော် ပန်းချီထွဏ်းအောင်ဖြစ်သည်။ "မှန်ကွဲစများ"ဆိုသည့် ခေတ်ပေါ်မော်ဒန်ကဗျာတစ်ပုဒ်ဖြစ်သည်။ စိတ်ထဲတွင် ခံစားနေရသည့်အတိုင်း စိတ်လွတ်၊ ကိုယ်လွတ်ရေးချခဲ့သော ကဗျာလည်း ဖြစ်သည်။

မှန်ကွဲစများ

* မျက်တောင်အဖွင့်
လောကနှင့်ငါ …
ဇွေစပ်ခြင်းခံရ ။

* နာမဝိသေသနတွေ
အမှိုက်တောင်းထဲမှ
ကုန်းထလာခဲ့
မျှော်လင့်မှုပင်လယ်ရဲ့
အဆုံးဟာ …
လွင်ပြင် ၊ ကန္တာရနဲ့သာ
အစားထိုးကျေနပ်လို့
ပန်းကလေးတစ်ပွင့်နဲ့ပဲ
နားလည်မှုရခဲ့တယ် ။

* ပြီးတော့ …
ငှက်ပျောရိပ်
ရွှေဝါရောင်အိပ်မက်
ကြိုးကြာငှက်များနဲ့
ငါ့ကိုယ်ခန္ဓာကို
ဖွဲ့စည်းတပ်ဆင်လိုက်တယ် ။

* နေရောင်ခြည်ကို
လက်ဖဝါးနဲ့ ဆုပ်ခြေလို့
စီးကရက်ကို မီးညှိခဲ့တယ်
ကောင်းကင်ကို
ရွက်လွှင့်ခဲ့တယ် ။

* နောက် …
ဖွင့်အန်ချလိုက်တဲ့
ဖရိုဖရဲစကားလုံးများ
ဖျားနာမှုနဲ့အတူ
အလံထူဖို့ ကြိုးစားကြည့်ခဲ့တယ် ။
အလို…
ဟိုမှာ …
ဝှန်းကနဲ ဆောင့်တက်လာတဲ့
အသံရှသံတွေ
ဗာတီကယ်လိုင်းပေါ်မှာ
တွယ်ကပ်ချိတ်ဆွဲလို့
ပုဇဉ်းရင်ကွဲတွေအဖြစ်
လွင့်ဝဲ…ဆူညံသွားကြပေါ့ ။ ။

သွယ်အောင်(ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း)



# ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၈


နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသာ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ဓားပြတိုက်လုယက်ခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေး**

၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၁၀၇) ရပ်ကွက် ငုဝါမြိုင်လမ်းရှိ ရစဖရုံး၌ ရစဖမှူး ဦးကြည်ထွန်း၊ ရာအိမ်မှူး ဦးဆွေမြင့်အောင်နှင့် ရုံးအကူ ဦးမျိုးမြင့်ထွန်း(ခ) သားကြီးတို့ သုံးဦးသည် ရုံးလုပ်ငန်းများ ဆောင်ရွက်နေစဉ် (စိစစ်ဆဲ) ကျားလေးဦးက ယာဉ်ဖြင့်ရောက်ရှိလာပြီး သေနတ်ဖြင့်ပစ်ခတ် ထွက်ပြေးသွားခဲ့ရာ ရစဖမှူးနှင့် ရာအိမ်မှူးတို့ သေဆုံးခဲ့ပြီး ရုံးအကူမှာ မစိုးရိမ်ရ ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုကို မလိုလားသောပြည်သူများ၏ ပူးပေါင်းပါဝင် သတင်းပေးမှုများကြောင့် စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၇၂) ရပ်ကွက် ဇီဇဝါလမ်းတွင် တရားခံကျော်စွာအောင် (ခ) ကျော်စွာကိုလည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၇၁) ရပ်ကွက် ဗိုလ်မင်းရောင်လမ်းတွင် တင်ဝင်း (ခ) ဝင်းချိုကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့်
Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိအခြေအနေပြဇယား




ဖမ်းဆီးရမိ တရားခံ တင်ဝင်း (ခ) ဝင်းချို၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရွှေပေါက်ကံမြို့သစ် အမှတ် (၁၂) ရပ်ကွက် (၈၅) လမ်း၌ အောင်မင်းခန့် (ခ) ကျော်ကျော်နန္ဒ၊ ၎င်းနှင့် တရားမဝင်ပေါင်းသင်း နေထိုင်သူ ယုနန္ဒာစိုးတို့ နှစ်ဦးကိုလည်းကောင်း၊ စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် အုတ်တွင်းမြို့နယ် ကျွဲပွဲဘူတာ၌ ခင်မောင်ဌေး (ခ) ကျန်ကျောင်းကိုလည်းကောင်း၊ ရန်ကင်းမြို့နယ် အမှတ် (၁၂) ရပ်ကွက် အိမ်အမှတ် (၃၁၉) တွင် ရဲရင့်အောင်(ခ) ကိုရဲ (ခ) တင်ထွန်းကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

ဖမ်းဆီးရမိတရားခံ ရဲရင့်အောင် (ခ) ကိုရဲ (ခ)တင်ထွန်း၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ် ဒဂုံဧရာအဝေးပြေး ကားဝင်းအတွင်း၌ ထက်ကြီး (ခ) ကျော်ကြီး၊ အာကာဖြိုး (ခ) အောင်မင်းခန့်နှင့် လျှန်းထက်အောင်တို့ သုံးဦးကို Sigsauer ပစ္စတိုသေနတ်တစ်လက်၊ Glock ပစ္စတို တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ၉ မမ ကျည်အတောင့် ၂၀ တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။ ထို့အပြင် စက်တင်ဘာ ၂၇ ရက် ညနေပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၁၀၇) ရပ်ကွက်၌ နေလင်း၊ တင်လှနှင့် မြင့်ကျော်တို့ သုံးဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးတို့ကို အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံ ကျား ၁၁ ဦး၊ မ တစ်ဦးတို့ကို Sigsauer ပစ္စတိုသေနတ်တစ်လက်၊ Glock ပစ္စတိုတစ်လက်၊ ကျည်အိမ်နှစ်ခု၊ ၉ မမ ကျည်အတောင့် ၂၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၃ ခုနှစ် နိုဝင်ဘာလခန့်တွင် တရားခံ ရဲရင့်အောင် (ခ) ကိုရဲ (ခ) တင်ထွန်း၊ ထက်ကြီး(ခ)ကျော်ကြီးနှင့် အာကာဖြိုး(ခ)အောင်မင်းခန့်တို့သည် KNLA တပ်မဟာ (၂) နယ်မြေသို့ သွားရောက်၍ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး သင်တန်းကို တစ်လကြာ တက်ရောက်ခဲ့ကြောင်း၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး သင်တန်းဆင်းပြီးနောက် ရန်ကုန်မြို့သို့ ပြန်လာခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေရန်အတွက် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်၍ Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့အား ရဲရင့်အောင်(ခ)ကိုရဲ(ခ)တင်ထွန်း ခေါင်းဆောင်၍ ခင်မောင်ဌေး(ခ) ကျန်ကျောင်း၊ ထက်ကြီး(ခ) ကျော်ကြီး၊ အာကာဖြိုး(ခ) အောင်မင်းခန့်၊ လျှန်းထက်အောင်၊ အောင်မင်းခန့်(ခ) ကျော်ကျော်နန္ဒ၊ ဖမ်းဆီးရန်ကျန်တရားခံ **ဖြိုးဇင်အောင်**တို့ပါဝင်သော အဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သည့် လက်နက်/ ခဲယမ်းများအား KNLA တပ်မဟာ (၇) တွင် ခိုအောင်း နေထိုင်လျက်ရှိသည့် ဖမ်းဆီးရန်ကျန် တရားခံ **မှတ်ကြီး (ခ) မှုံကြီး**က ပေးပို့ခဲ့ခြင်းဖြစ်ပြီး ထက်ကြီး (ခ) ကျော်ကြီးနှင့် ယုနန္ဒာစိုးတို့ထံတွင် သိုဝှက်သိမ်းဆည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ပုဂ္ဂိုလ်ရေးမကျေနပ်မှုများ**

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန်တရားခံ **မှတ်ကြီး (ခ) မှုံကြီး**က Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့အား ရန်ကုန်မြို့အတွင်း၌ ဒလန်ရှင်းလင်းရေးအကြောင်းပြကာ အစိုးရဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် မတိုင်မီကာလတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၁၀၇) ရပ်ကွက်၌ တရားခံ မြင့်ကျော်သည် ရစဖမှူးအဖြစ်လည်းကောင်း၊ တရားခံ ခင်မောင်ဌေး (ခ) ကျန်ကျောင်းနှင့် နေလင်းတို့သည် ရစဖရုံးစာရေးများအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူများ ဖြစ်သဖြင့် လက်ရှိရစဖမှူးနှင့် ရစဖရုံးစာရေးများအပေါ် ပုဂ္ဂိုလ်ရေးအရ မကျေနပ်မှုများ ရှိနေသဖြင့် ဒလန်ဟုစွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

စာမျက်နှာ ၁၉ သို့ ❑



Anonymous Force အမည်ခံအကြမ်းဖက်အဖွဲ့က ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သည့် လက်နက်/ ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။

❑ စာမျက်နှာ ၁၈ မှ

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၀၇)ရပ်ကွက် ရစဖမှူးနှင့် ရာအိမ်မှူးတို့အား လုပ်ကြံသတ်ဖြတ်ရန် မြင့်ကျော်၊ နေလင်း၊ တင်ဝင်း(ခ)ဝင်းချိုနှင့် တင်လှတို့က လုပ်ကြံသတ်ဖြတ်မှု မတိုင်မီ တစ်ပတ်ခန့်ကြိုတင်၍ Scout ကြည့်ရှုခဲ့ကြောင်း၊ ၎င်းနောက် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ခင်မောင်ဌေး(ခ)ကျန်ကျောင်း၊ ကျော်စွာအောင်(ခ) ကျော်စွာ၊ အာကာဖြိုး(ခ) အောင်မင်းခန့်၊ အောင်မင်းခန့်(ခ)ကျော်ကျော်နန္ဒတို့လေးဦးသည် မော်တော်ယာဉ်ဖြင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၁၀၇)ရပ်ကွက် ၄ဝါ မြိုင်လမ်းရှိ ရစဖရုံးသို့ သွားရောက်ခဲ့ပြီး အာကာဖြိုး (ခ)အောင်မင်းခန့်နှင့် အောင်မင်းခန့်(ခ)ကျော်ကျော်နန္ဒတို့က ရစဖမှူး ဦးကြည်ထွန်း၊ ရာအိမ်မှူး ဦးဆွေမြင့်အောင်နှင့် ရုံးအကူ ဦးမျိုးမြင့်ထွန်း(ခ)သားကြီးတို့အား ပစ္စတိုဖြင့် ၁၄ ချက်ပစ်ကာ လုပ်ကြံ သတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့ပြင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များသည် ၎င်းတို့နှင့် ပုဂ္ဂိုလ်ရေးအရ အဆင်မပြေသည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟု စွပ်စွဲ၍ အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှုတစ်ကြိမ်၊ ဖောက်ခွဲဖျက်ဆီးမှု တစ်ကြိမ်ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၄ ခုနှစ် မေလ ၁၃ ရက်တွင် လှိုင်သာယာမြို့နယ် အမှတ် (၆)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သူအား ဒလန်ဟု စွပ်စွဲ၍ အာကာဖြိုး(ခ)အောင်မင်းခန့်၊ အောင်မင်းခန့်(ခ)ကျော်ကျော်နန္ဒတို့က ပစ္စတိုဖြင့် အကြောင်းမဲ့ လုပ်ကြံ သတ်ဖြတ်ခဲ့ရာတွင် ထက်ကြီး (ခ) ကျော်ကြီးနှင့် လျှန်းထက်အောင်တို့ နှစ်ဦးက Scout ကြည့်ရှုပေးခဲ့ကြောင်း။

- ဇွန်လ ပထမပတ်တွင် အာကာဖြိုး(ခ) အောင်မင်းခန့်၊ အောင်မင်းခန့်(ခ) ကျော်ကျော်နန္ဒတို့က လက်ပစ်ဗုံးနှစ်လုံးဖြင့် ကမာရွတ်မြို့မရဲစခန်းအား ပစ်ခတ်ဖောက်ခွဲခဲ့ရာတွင် ထက်ကြီး(ခ) ကျော်ကြီးနှင့် လျှန်းထက်အောင်တို့ နှစ်ဦးက Scout ကြည့်ရှုပေးခဲ့ကြောင်း။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် တရားခံ **မှတ်ကြီး(ခ) မှုံကြီး**က လုပ်ကြံ သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Anonymous Force အမည်ခံအကြမ်းဖက်အဖွဲ့အား Kpay မှတစ်ဆင့် လုပ်ကြံ သတ်ဖြတ်မှုနှင့် အကြမ်းဖက်မှု တစ်ကြိမ်လျှင် ငွေကျပ်သိန်း ၃၀ ထောက်ပံ့ပေးခဲ့ကြောင်း၊ ရရှိသော ငွေကြေးများအား Anonymous Force အမည်ခံအကြမ်းဖက်အဖွဲ့ ခေါင်းဆောင် ရဲရင့်အောင်(ခ)ကိုရဲ (ခ)တင်ထွန်းက ပြန်လည်ခွဲဝေပေးကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအားဥပဒေအရင်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတိုင်း ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား လျှို့ဝှက်ပေးထား၍ ဆုငွေများ ထိုက်တန်စွာ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်း တည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၁၀၇)ရပ်ကွက်ရှိ ရစဖရုံး၌ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံး/ဒဏ်ရာရရှိခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံ



ရစဖမှူး ဦးကြည်ထွန်း(၆၇)နှစ် (သေဆုံး)



ရာအိမ်မှူး ဦးဆွေမြင့်အောင် (၆၀)နှစ် (သေဆုံး)



ရုံးအကူ ဦးမျိုးမြင့်ထွန်း(ခ)သားကြီး (၄၆)နှစ် (မစိုးရိမ်ရ)

၂၀၂၄ ခုနှစ် မေလ ၁၃ ရက်တွင် လှိုင်သာယာမြို့နယ် အမှတ် (၆)ရပ်ကွက် အုပ်ချုပ်ရေးမှူး ပစ်ခတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ



ရစဖမှူး ဦးအောင်ကျော်သူ (၂၄)နှစ် (သေဆုံး)

# ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းချိုင့်သွားပို့သည့် ဖခင်နှင့် လေးနှစ်အရွယ်သမီးငယ်တို့အား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်




PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာမှ ဖခင်ဖြစ်သူနှင့် အသက်လေးနှစ်အရွယ် သမီးငယ်တစ်ဦး သေဆုံးခဲ့မှု ဖြစ်စဉ်ပြပုံ

နေပြည်တော် စက်တင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာမှ ဖခင်နှင့် သမီးငယ်တို့ နှစ်ဦးသည် ကျေးရွာရှိ တောရဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းချိုင့်ပို့ရန် သွားရောက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ ဖခင်ဖြစ်သူနှင့် အသက်လေးနှစ်အရွယ် သမီးတို့ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာမှ အမျိုးသားတစ်ဦးသည် စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီ မိနစ် ၂၀ ခန့်တွင် ၎င်း၏သမီးဖြစ်သူ အသက် လေးနှစ်အရွယ် သမီးဖြစ်သူနှင့်အတူ တောရဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းချိုင့်သွားရောက် ပို့ဆောင်စဉ် PDF အမည်ခံအကြမ်းဖက်သမားများက ရက်စက်ယုတ်မာစွာ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ သားအဖနှစ်ဦးစလုံး လက်နက်ငယ်ထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။



PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာမှ ဖခင်ဖြစ်သူနှင့် အသက်လေးနှစ်အရွယ် သမီးငယ်တစ်ဦး သေဆုံးခဲ့မှုအား တွေ့မြင်ရစဉ်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လူမဆန်စွာ ရက်စက်ယုတ်မာသော လုပ်ရပ်ကို လုပ်ဆောင်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများကို သတင်းသုံးသပ်ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာနှင့် ပတ်ဝန်းကျင်အား ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းနှင့် လိုအပ်သောလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်အဖွဲ့များဖြစ်သည့် CRPH နှင့် NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် ၎င်းတို့ ခိုအောင်းလှုပ်ရှားနေသည့် ဒေသများတွင် ၎င်းတို့အပေါ် အားပေးထောက်ခံမှုမရှိသည့် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မြို့၊ ရွာများအတွင်း ဝင်ရောက်၍ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများ၊ ဒရုန်းများအသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များအား အဆင်အခြင်မဲ့စွာ လုပ်ဆောင်လျက်ရှိသည်။ PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ ကလေးငယ်များပါမချန် အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းအပေါ် ဒေသခံပြည်သူများက ရွံရှာစက်ဆုပ် မုန်းတီးလျက်ရှိပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် လက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်၏ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်မှု (Counter- Terrorism Operation) ဆောင်ရွက်ရာတွင် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဒုတိယအကြိမ် ပေးအပ်လှူဒါန်းပွဲတွင် ကျေးဇူးတင်စကားပြောကြားစဉ်။

# ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဒုတိယအကြိမ်ပေးအပ်လှူဒါန်းပွဲ ကျင်းပပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဒုတိယအကြိမ် ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများလက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှု အခြေအနေများ၊ ရှာဖွေကယ်ဆယ် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို မှတ်တမ်းတင်ထားသည့် **"သဘာဝဘေးဒဏ်ကြုံကြုံခံ ရင်ဆိုင်ကျော်လွှားမှုနှင့်အတူ ပြန်လည်ထူထောင်ရေးမှာ တက်ညီလက်ညီ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြပါစို့"** Video Clip ကို ဖွင့်လှစ်ပြသသည်။

**အလှူငွေများအသီးသီး ပေးအပ်လှူဒါန်း**

ထို့နောက် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များနှင့် ဝန်ထမ်းများ၊ ပြည်တွင်း ပြည်ပ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ဝန်ထမ်းများ၊ အသင်းအဖွဲ့များနှင့် ပြည်တွင်းပြည်ပ စေတနာရှင်၊ အလှူရှင်များက အလှူငွေများဆက်လက် ပေးအပ်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး ညိုစောတို့က အသီးသီးလက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

စာမျက်နှာ ၆ သို့ ⁜



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စက်မှုဝန်ကြီးဌာနက လှူဒါန်းသည့် အလှူငွေကို လက်ခံရယူစဉ်။

## အောက်တိုဘာ ၁ ရက်မှ ၅ ရက်အတွင်း နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

အောက်တိုဘာ ၁ ရက်မှ ၅ ရက်အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။



**နေပြည်တော် စက်တင်ဘာ ၂၈**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားသော လေအားများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အောက်တိုဘာ ၁ ရက်မှ ၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား၊ မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

မိုး/ဧလ